# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၂၇)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ သားစဉ်မြေးဆက်ထိန်းသိမ်းနိုင်ရေး (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို အစိုးရရုံးစိုက်ရာ နေပြည်တော်၌ အောက်တိုဘာလ ဒုတိယပတ်ခန့်တွင်ကျင်းပရန်လျာထား ပြိုင်ပွဲဦးတည်ချက် (၇)ရပ်နှင့်အညီ စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်



(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နာယကများ၊ ဦးစီးကော်မတီဝင်များ ခန်းမအတွင်း ခင်းကျင်းပြသထားသော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများတွင် အသုံးပြုမည့်ပစ္စည်းများ၊ စာစောင်များ၊ ဖိတ်ကြားလွှာပုံစံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၅**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယကများ ပါဝင်သော ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် ဦးစီးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

❑ **ရှေးနှစ်ပေါင်းရှည်ကြာစွာ တည်ရှိခဲ့သည့် မိမိတို့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများတွင် မိဘဝတ်၊ ဆရာ့ဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ်၊ လင့်ဝတ်၊ မယားဝတ်၊ မိတ်ဆွေဝတ် စသည့် ကြီးသူ ငယ်သူအားလုံး လိုက်နာကျင့်သုံးရမည့် လူမှုကျင့်ဝတ်များရှိ။**

သတင်းထောက်အောင်ဝင်း(ဖျာပုံ) ၏ ဆောင်းပါး (စာ–၁၀)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

## လမ်း၊ တံတားများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ပိုင်း၌တည်ရှိ၍ ခရိုင်လေးခရိုင်၊ မြို့နယ် ၁၈မြို့နယ်၊ မြို့ခြောက်ခုတို့ဖြင့် ဖွဲ့စည်းထားပြီး ရေမြေတောတောင်သယံဇာတ ပေါကြွယ်ဝသည့် ပြည်နယ် တစ်ခုဖြစ်သည်။ ယခင်က ပြည်နယ်အတွင်း နယ်မြေဒေသ အေးချမ်းသာယာမှု မရှိသည့်အတွက် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့တွင် တိုးတက်မှုနှေးကွေးခဲ့ရသည်။

ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြ၍ ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုရှိလာပြီး မော်တော်ကားလမ်းအသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ကားလမ်းအဟောင်းများ တိုးတက်ပြုပြင်ခြင်း၊ မန္တလေး–မြစ်ကြီးနား မီးရထားလမ်းကို အဆင့်မြှင့်တင်ခြင်း၊ မြစ်ကြီးနားလေဆိပ်၊ ဗန်းမော်လေဆိပ်၊ ပူတာအိုလေဆိပ်တို့ကို တိုးချဲ့ပြုပြင်ခြင်းစသည့် လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပြုပြင်ပေးနိုင်သည်နှင့်အမျှ ကချင်ပြည်နယ်သည် သိသိသာသာ ဖွံ့ဖြိုးတိုးတက် လာခဲ့သည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရွှေဘို–မြစ်ကြီးနားလမ်းရှိ နမ္မတီးချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် အရှည်ပေ ၂၈၀ရှိ နမ္မတီးတံတား(ကံလှ)ကို ဩဂုတ်လ ၂၂ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ တံတားကြီးကို ဖွင့်လှစ်နိုင်သည့်အတွက် မန္တလေးမှ မြစ်ကြီးနား–ဗန်းမော်–တရုတ် ပြည်သူ့သမ္မတနိုင်ငံ နယ်စပ်အထိ၊ မြစ်ကြီးနားမှ နမ္မတီး–နန်းယွန်း–အိန္ဒိယနိုင်ငံ နယ်စပ်အထိ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ပြီး ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်သွက်လက်လာတော့မည် ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ၁၉၈၈ခုနှစ်မှ ယခုအချိန်အထိ ကတ္တရာလမ်းမိုင် ၁၈၀၀ကျော် အပါအဝင် ကျောက်လမ်း၊ အမာခံလမ်း၊ မြေသားလမ်း စုစုပေါင်း မိုင် ၅၀၀၀ကျော် တိုးတက်ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်သည်။ ကချင်ပြည်နယ်အနေဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်း ကတ္တရာလမ်း ၁၂၄မိုင် တိုးချဲ့ဖောက်လုပ်ခဲ့ပြီး လမ်းသစ်၁၀၆မိုင် တိုးတက်ဖောက်လုပ်ခဲ့သည်။ ယခုအခါ ပြည်နယ်အတွင်း လမ်းမိုင်အရှည် စုစုပေါင်း ၂၂၇၂မိုင်ကျော် ဖောက်လုပ်ပေးထားပြီး ဖြစ်သည်။

၁၉၈၈ခုနှစ်နောက်ပိုင်း မြန်မာတစ်နိုင်ငံလုံးတွင် နမ္မတီးတံတား(ကံလှ)အပါအဝင် ပေ၁၈၀အထက် တံတားကြီးပေါင်း ၂၁၈စင်း ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ နမ္မတီးတံတား(ကံလှ)သည် ကချင်ပြည်နယ်၏ ၁၄စင်းမြောက် တံတားကြီးတစ်စင်းဖြစ်သည်။

နိုင်ငံတော်က ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသ တစ်ခုနှင့်တစ်ခု လွယ်လင့်တကူ ကူးသန်းသွားလာနိုင်သည့် လမ်းမကြီးများ၊ တံတားကြီးများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း ရေရှည်တည်တံ့ အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ။

# ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့် တိုင်းမှူးပိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၅

**ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ရနာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပင်မယန္တရား (တောင်)ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မြတ်မင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



### ဧည့်ခံဖျော်ဖြေ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဧည့်သည်တော်များအား ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ ရွှေတံဆိပ်ဆုရှင် အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

### ဂုဏ်ပြုဆုငွေပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီးတို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**(အပေါ်ပုံ)(သတင်းစဉ်)**

## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ်တွေ့ဆုံ ကြက်၊ ငှက်တုပ်ကွေး ထိန်းချုပ်ရေးစီမံကိန်းသဘောတူလက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၂၅

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping သည် ဩဂုတ်၂၂ရက် မွန်းလွဲ ၁နာရီခွဲက နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ ကြက်၊ ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဆိုင်ရာ စီမံကိန်းများနှင့် အသားကဏ္ဍအတွက် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို တွေ့ဆုံဆွေးနွေးသည်။**

ထို့နောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ကြီးမှူး၍ ဩစတြေးလျနိုင်ငံ အထောက်အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်မာနိုင်ငံအတွင်း ကြက်၊ ငှက် တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်း သဘောတူညီချက် (OSRO/MYA/601/AUL)ကို မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping တို့က လက်မှတ်ရေးထိုးကြပြီး စီမံကိန်းသဘောတူညီချက်ကို အပြန်အလှန် လဲလှယ်ကြသည်။

### အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အနေနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အဆိုပါ စီမံကိန်းသဘောတူညီချက်အရ ဩစတြေးလျနိုင်ငံမှ ဒေါ်လာ ၄၃သမ၄သိန်း အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ ကြက်၊ ငှက်တုပ်ကွေး ရောဂါထိန်းချုပ်ရေးနှင့် ရောဂါ စူးစမ်းရှာဖွေရေး လုပ်ငန်းများအတွက် ရောဂါစူးစမ်းရှာဖွေရေး/အဆင့်မြင့် ဓာတ်ခွဲခန်းလုပ်ငန်းများ ပိုမိုပီပြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ဖျက်ဆီးခဲ့သော ကြက်မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၆–၈–၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"စိတ္တာနုပဿနာ သတိပဋ္ဌာန်"**
- ၉:၁၀ ၁၀။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြု အစီအစဉ် **"ကြည်ပြာ"**

**နေ့လယ်ပိုင်း**

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"မော်ဆရာရဲ့ကျောင်းစာအုပ်"** (လူမင်း၊ အိန္ဒြာကျော်ဇင်)
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်တွဲ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၁၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း–၈)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ English Premier League ဘောလုံးပွဲ Manchester City Vs Arsenal



**ကွယ်လွန်သူ ဦးအောင်ကြည် (လက်ထောက် စာတည်း – ငြိမ်း၊ မြန်မာ့အလင်းသတင်းစာ) တစ်နှစ်မြောက်အား ရည်စူး၍ အမှတ် ၁၆၇ သုဒဿန ၃ လမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်း မြို့နယ်နေ ဇနီး ဒေါ်ခင်စိန်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး တိုးချဲ့ဆေးရုံ အဆောက်အအုံ အတွက် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။**

(က–ပ)





❒ **ရှေ့ဖုံးမှ**

တပ်မတော်အရာရှိကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် စာပေ၊ ဂီတ၊ သဘင်ပညာရှင်များ တက်ရောက်ကြသည်။

**နှစ်စဉ်ကျင်းပ**

ရှေးဦးစွာ (၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ သားစဉ်မြေးဆက်တိုင် ဆက်လက်ရှင်သန်ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပခဲ့သည့် ရည်ရွယ်ချက်နှင့် အစဉ်အလာအတိုင်း ယခုနှစ်တွင်လည်း (၁၄)ကြိမ်မြောက် ပြိုင်ပွဲကို အောင်အောင်မြင်မြင် ကျင်းပသွားရမည်ဖြစ်ကြောင်း။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစ၍ နှစ်စဉ်မပျက်ကျင်းပလာခဲ့ရာ ယခုအကြိမ်သည် (၁၄)ကြိမ်မြောက်ဖြစ်ကြောင်း၊ ဤပြိုင်ပွဲ ကျင်းပရေးနှင့် ပတ်သက်ပြီး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကို ယခင်နှစ်များတွင် တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံရှိ ပုဂ္ဂိုလ်များဖြင့်ပင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

**ပြောင်းရွှေ့ကျင်းပ**

ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် (၁၃)ကြိမ်မြောက်အထိ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ရန်ကုန်မြို့၌ ကျင်းပခဲ့သော်လည်း (၁၄)ကြိမ်မြောက်ပြိုင်ပွဲကို အစိုးရပြောင်းရွှေ့ ရုံးစိုက်ရာဒေသဖြစ်သော နေပြည်တော်တွင် ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ကြောင်း။

နေရာသစ်၌ ပြောင်းရွှေ့ကျင်းပမည်ဖြစ်သော်လည်း ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် အခြေခံစည်းမျဉ်းစည်းကမ်းများ၊ လုပ်နည်းစနစ်များနှင့် အမှတ်ပေး စည်းမျဉ်းများသည် ပြောင်းလဲခြင်းမရှိသည့်အတွက် လုပ်ရိုးလုပ်စဉ်များဖြစ်ပြီး အခက်အခဲမရှိနိုင်ပါကြောင်း။

**နေရာထိုင်ခင်းအသင့်**

ပြီးခဲ့သည့်နှစ် (၁၃)ကြိမ်မြောက် ပြိုင်ပွဲတွင် ပြည်နယ်၊တိုင်းအသီးသီးတို့မှ ပြိုင်ပွဲဝင်အင်အား ၂၄၀၀ ကျော်ရှိခဲ့သဖြင့် ယခုနှစ်တွင်လည်း နေပြည်တော်တွင် ပြောင်းရွှေ့ကျင်းပမည်ဖြစ်သည့်အတွက် အဆိုပါ အင်အားထက်မလျော့နိုင်သည်ကို တွက်ဆနိုင်ကြောင်း၊ ယင်းအင်အား ၂၄၀၀ ကျော်ကို တစ်စုတစ်စည်းတည်းထားရန်



**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည် တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ် မှူး ချုပ်ဝေလွင် ရှင်းလင်း တင်ပြစဉ်။**
(သတင်းစဉ်)

အတွက် နေရာထိုင်ခင်းလည်း အသင့်ရှိပြီးဖြစ်ကြောင်း။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ နေရာခွဲခြားယှဉ်ပြိုင်နိုင်ရေးအတွက် သီးခြားစီစဉ်ထားကြောင်း၊ တစ်နေရာတည်း စုစုစည်းစည်းဖြင့် အဆင်ပြေပြေ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွင့်ပွဲနှင့် ဆုပေးပွဲ ပြုလုပ်မည့် ကဇာတ်ရုံကိုလည်း ပြုပြင်မှုတချို့ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို ဝန်ကြီးချုပ်က ကြည့်ရှုပြီး ညွှန်ကြားမှုပေးခဲ့ပြီးဖြစ်ကြောင်း။

**အေးချမ်းသာယာ**

ပြိုင်ပွဲကျင်းပမည့် နယ်မြေသည် လုံခြုံမှုအတွက်လည်း ကောင်းမွန်စိတ်ချရသောနေရာဖြစ်သည့်အတွက် ယခုနှစ်ပြိုင်ပွဲကို လုံလုံခြုံခြုံနှင့် အေးချမ်းသာယာ ကျင်းပသွားနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်နှစ်များကဲ့သို့

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကများ ပါဝင်သော ဒုတိယအကြိမ် အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)

စွာ ပြိုင်ပွဲဝင် ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်အဖွဲ့များအား ကြိုဆို နေရာချထားရေး၊ နေထိုင်စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့် အုပ်ချုပ်မှုကိစ္စရပ်တို့ကို မလစ်ဟင်းစေရအောင် ယခင်နှစ်များနည်းတူ ဆပ်ကော်မတီ အသီးသီးဖွဲ့စည်းပြီး စနစ်တကျ စီမံ ဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ်ပြိုင်ပွဲကို နေပြည်တော်၌ အောက်တိုဘာလ ဒုတိယအပတ်ခန့်တွင် ကျင်းပရန် လျာထားသည့်အတွက် အချိန်ကာလအားဖြင့် တစ်လကျော်ကျော် နှစ်လနီးပါးခန့်သာ လိုတော့သည့်အတွက် ပြည်နယ်၊တိုင်းအသီးသီးတို့မှ အရည်အချင်း ပြည့်မီစွာ ယှဉ်ပြိုင်နိုင်ရေးနှင့် နေပြည်တော်တွင် ပြိုင်ပွဲကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ပြိုင်ပွဲမတိုင်မီ ရှေ့ဆက်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ အခန်းကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးသွားကြရန် ပဏာမပြောကြားသည်။

ပြိုင်ပွဲအလိုက် ကျင်းပမည့်နေရာများ ရွေးချယ်စီစဉ်ထားမှု၊ အစည်းအဝေးများကျင်းပ၍ ပြိုင်ပွဲအတွက် အသေးစိတ် ညှိနှိုင်းစီစဉ်ဆောင်ရွက်မှုများ၊ ပြည်နယ်နှင့် တိုင်းအလိုက် ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲအလိုက် အဆင့်သတ်မှတ်ချက်များနှင့် ပြိုင်ပွဲတွင် ပါဝင်သည့်ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ပြိုင်ပွဲ၏ ရည်ရွယ်ချက်များ၊ ပြိုင်ပွဲကျင်းပမည့် နေရာများ မွမ်းမံပြင်ဆင် ဆောင်ရွက်နေမှုများ၊



**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ပြိုင်ပွဲတွင် ချီးမြှင့်မည့် ဆုအမျိုးအစားများ၊ ပြိုင်ပွဲ၏ ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားများ ကျင်းပရန် စီစဉ်ထားရှိမှုများ၊ ပြိုင်ပွဲကျင်းပရေး လှုံ့ဆော်ရေးမြေစိုက်ပိုစတာများ စိုက်ထူထားရှိမည့် အစီအစဉ်များ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့များနှင့် ပြိုင်ပွဲဝင်များလိုက်နာရမည့် စည်းကမ်းများ၊ ပြိုင်ပွဲဝင်များအတွက် ကြိုဆိုရေး၊ ပို့ဆောင်ရေး၊ နေရာချထားရေး၊ ညှော်ခံကျွေးမွေးရေးနှင့် ကျန်းမာရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**သတင်းနှင့်ပြန်ကြားရေး**

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး

*စာမျက်နှာ ၁၄ ကော်လံ ၄*

# (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

(ဆက်လက်၍) ... 



ပြည်နယ်၊ တိုင်းအသီးသီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့ဝင်များ စိတ်အေးချမ်းမြေ



# တောင်ကိုရီးယား၏ ဆမ်ယောင်ကုမ္ပဏီထုတ် ကားများအရောင်းသွက်

ဆိုးလ် ဩဂုတ် ၂၅

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက်ရှိ တောင်ကိုရီးယားနိုင်ငံပိုင် ဆမ်ယောင် မော်တော်ကားလုပ်ငန်း** (အပေါ်ပုံ)**သည် ဥရောပဈေးကွက်သို့ မော်တော်ကားများ ပိုမိုတင်ပို့ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ နှစ်စဉ်တိုးတက်မှုရှိခဲ့ကြောင်း ဆမ်ယောင်မော်တော်ကားလုပ်ငန်းမှ သတင်းထုတ်ပြန်သည်။**

ထို့အပြင် ပြည်တွင်းမော်တော်ကားဈေးကွက်တွင် ဆမ်ယောင်ကုမ္ပဏီထုတ် မော်တော်ယာဉ်များ ရောင်းချမှု တိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံ၏ ရှန်ဟိုင်းမော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းကလည်း တောင်ကိုရီးယား၏ မော်တော်ကားပြည်တွင်းဈေးကွက်သို့ထိုးဖောက်နိုင်ရေး အစွမ်းကုန်ကြိုးစားခဲ့သည်။

**တိုးတက်**

၂၀၀၄ခုနှစ် နောက်ပိုင်းတွင် ရှန်ဟိုင်း မော်တော်ကားလုပ်ငန်းအနေဖြင့် တောင်ကိုရီးယား၌ ထိုက်သင့်သည့် ဈေးကွက်ရရှိခဲ့သော်လည်း ဆမ်ယောင်ကုမ္ပဏီက ပြည်တွင်းဈေးကွက်၌ ရောင်းအားတိုးတက်ခဲ့မှုကြောင့် ယခုနှစ်၌မူ အခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။ **(အင်တာနက်)**

## ကပ်ပါးပိုးပါခရုများ စားမိသဖြင့် ပေကျင်း၌ ရောဂါဖြစ်ပွားသူ ၈၇ဦးရှိ

**ပေကျင်း ဩဂုတ် ၂၅**

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ကပ်ပါးပိုးများဖြင့် ညစ်ညမ်းနေသောခရုများကို အစိမ်းလိုက်သော် လည်းကောင်း၊ မကျက်တကျက်သော်လည်းကောင်း စားသောက်ခဲ့မှုကြောင့် နာဖျားမှုအရေအတွက်မှာ ၇၀မှ ၈၇ဦးအထိ တိုးလာကြောင်း ပေကျင်းကျန်းမာရေးဌာနက ဩဂုတ်၂၃ရက်က သတင်းကြေညာချက်ထုတ်ပြန်သည်။

**ပြောကြား**

ယင်းတို့သည် ကပ်ပါးပိုးပါသော ခရုများကိုစားမိသဖြင့် ဦးနှောက်နှင့် နက်ကျောရိုးကိုထိခိုက်စေပြီး ဦးနှောက်အမြှေးရောင်ရောဂါအထိ ဖြစ်နိုင်ကြောင်း အဆိုပါကျန်းမာရေးဌာနက ပြောကြားသည်။

အဆိုပါလူနာများသည် ခရုများ၊ ပင်လယ်စာများကို မကျက်တကျက် စားသောက်ခဲ့ခြင်းကြောင့် ခေါင်းကိုက်ရောဂါခံစားရကာ ဆေးရုံတင် ကုသလျက်ရှိကြောင်း ပေကျင်းရှိ ယင်းရောဂါထိန်းချုပ်ရေးအဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်ငါးဖမ်းသမား ၃၂ ဦး ပြန်လည်ရောက်ရှိလာ

**ဒါကာ ဩဂုတ် ၂၅**

ဘင်္ဂလားပင်လယ်အော်တွင် ရေနစ်ခဲ့သူ ငါးဖမ်းသမား ၃၂ ဦးဘင်္ဂလားဒေ့ရှ်တောင်ပိုင်း ကို့စ်ဘာရာကမ်းခြေသို့ ဩဂုတ် ၂၂ရက်တွင် ပြန်လည်ရောက်ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်ရဲအရာရှိတစ်ဦးက ပြောကြားသည်။

**ပြန်လည်ရောက်ရှိ**

အဆိုပါ ငါးဖမ်းသမားများသည် ဘင်္ဂလားပင်လယ်အော် စိန့်မာတင်ကျွန်းအနီး၌ နစ်မြုပ်ခဲ့သည့် ငါးဖမ်းသင်္ဘောမှဖြစ်ပြီး ကမ်းခြေသို့ ပြန်လည်ရောက်ရှိလာသော ငါးဖမ်းသမားများဖြစ်သည်။

**ဖြစ်ပေါ်**

ဘင်္ဂလား ပင်လယ်အော်တွင် ဩဂုတ် ၂၁ ရက်ကတည်းက လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



**လက်နက်ကိုင်များ သိမ်းပိုက်ခဲ့သည့် ဆွစ်ဇာလန် အခြေစိုက် ရေနံလုပ်ငန်းမှ ရုရှားရေနံတင် သင်္ဘောကိုဩဂုတ်၂၂ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## ရုရှားရေနံတင်သင်္ဘောအား လက်နက်ကိုင်များအပိုင်စီး

**မော်စကို ဩဂုတ် ၂၅**

ဆွစ်ဇာလန်အခြေစိုက် ရေနံလုပ်ငန်းတစ်ခုမှ ငှားရမ်းအသုံးပြုထားသော ရုရှားရေနံတင်သင်္ဘောတစ်စင်းကို လက်နက်ကိုင်သမားများ၏ အပိုင်စီးခံရကြောင်း ရုရှားနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ဩဂုတ် ၂၂ ရက်က ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

**ဖမ်းဆီး**

အဆိုပါ ရေနံတင်သင်္ဘောသည် အာဖရိကကမ်းလွန်တွင် ဩဂုတ် ၂၁ ရက်က လက်နက်ကိုင်သမားများ၏ အပိုင်စီးမှုကိုခံရကြောင်း၊ ၎င်းရေနံတင်သင်္ဘောမှာ ပရီမိုရီပင်လယ်ကူး သင်္ဘောလုပ်ငန်းပိုင်ဖြစ်ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

**တောင်းဆို**

၎င်းရေနံတင်သင်္ဘောသည် ရေနံလောင်စာဆီတန် ၃၀၀၀ တင်ဆောင်နိုင်သည့် သင်္ဘောဖြစ်သည်။ ရေနံတင်သင်္ဘော ပြန်လည်လွတ်မြောက်ရေးအတွက် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဂမ်ဘီယာနိုင်ငံ အာဏာပိုင်များကို တောင်းဆိုထားကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

# နှစ် ၁၀၀၀ ကျော်က ခံတပ်ဟောင်းတစ်ခု တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ တွေ့ရှိ

အူရမ်ကီ ဩဂုတ် ၂၅

**တရုတ်နိုင်ငံအနောက်မြောက်ပိုင်းတွင် လွန်ခဲ့သော နှစ်ပေါင်း၁၀၀၀ကျော်က စစ်ဘက်ခံတပ်ဟောင်းတစ်ခုကို တရုတ်သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်ဟု ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။**




တွေ့ရှိရသော နေရာများမှာ တရုတ်နိုင်ငံ တေကကစ်မြစ်မြောက်ဘက်ကမ်းခြေပေါ်ရှိ ဘိုစတန်ကျေးရွာတွင်ဖြစ်ကြောင်း၊ ခံတပ်သည် တရုတ်နိုင်ငံတန်မင်းဆက် (၆၁၈–၉၀၇)က အသုံးပြုခဲ့သော ခံတပ်ဖြစ်ကြောင်း သိရသည်။

**ဖော်ပြနေ**

ယခုကဲ့သို့ ခံတပ်တွေ့ရှိခြင်းသည် တန်မင်းဆက်အနေဖြင့် အဆိုပါဒေသများ၌ ဩဇာလွှမ်းမိုးခဲ့သည်ကို ဖော်ပြနေကြောင်း တရုတ်သုတေသနပညာရှင်တစ်ဦးဖြစ်သူ လူအင်ဂိုက ပြောကြားသည်။

အဆိုပါ ခံတပ်သည် ဘိုစတန်ကျေးရွာ၏ မြောက်ဘက်နှင့် တောင်ဘက် မြို့ရိုးနံရံများသည် ၂၀၆ မီတာအသီးသီးရှည်လျားပြီး အနောက်ဘက်မြို့ရိုးနံရံမှာ ၁၆၇ မီတာရှည်ကြောင်း၊ မြို့ရိုးနံရံသုံးခုရှိကြောင်း၊ အမြင့်များမှာ ငါးမီတာမှ ခုနစ်မီတာရှိကြကြောင်း၊ အရှေ့ဘက်မြို့ရိုးနံရံမှာ ပြိုလဲပျက်စီးနေကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## လက်ဘနွန်ပြန်လည်တည်ဆောက်ရေး ၁၅နှစ်ခန့် အချိန်ယူရမည်

ဂျီနီဗာ ဩဂုတ် ၂၅

**အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားစဉ် အစ္စရေးတို့ စစ်အင်အားအသုံးပြု တိုက်ခိုက်ခဲ့ခြင်းကြောင့် လက်ဘနွန်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍများတွင် ပြန်လည်ထူထောင်ရန် ၁၅နှစ်ခန့်အချိန်ယူရမည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (ယူအင်န်ဒီပီ)က ဩဂုတ် ၂၂ရက်တွင် ပြောကြားသည်။**

လက်ဘနွန်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် ၁၅နှစ်ကြာမြင့်မည်ဖြစ်ကြောင်း ယူအင်န်ဒီပီမှ ပြောရေးဆိုခွင့်ရှိသူ ဂျိန်းဖာဘာရီက ပြောကြားသည်။

လက်ဘနွန်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ယခုအခါ သုညအဆင့်မှ စတင်ပြုလုပ်ရမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**အောင်မြင်မှုရရှိရန်**

လက်ဘနွန်နိုင်ငံ၏ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် အောင်မြင်မှုရရှိရန် ကဏ္ဍအားလုံးတွင် ထိုသို့စတင်ဆောင်ရွက်ရမည်ဟုဆိုသည်။

**နည်းလွန်း**

လက်ဘနွန်နိုင်ငံ စီးပွားရေးပျက်စီးခဲ့သဖြင့် အိမ်နီးချင်းနိုင်ငံများမှ အလှူငွေ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံပံ့ပိုးမှုမှာ နည်းလွန်းနေကြောင်းလည်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဗီယက်နမ်သို့ တင်သွင်းသည့် ရွှေများအပေါ်အခွန်လျှော့ချမည်

**ဟနွိုင်း ဩဂုတ် ၂၅**

ဗီယက်နမ်နိုင်ငံသည် ပြည်ပမှ ရွှေတုံးနှင့်ရွှေချောင်းများတင်သွင်းမှုအပေါ် အခွန်တစ်ရာခိုင်နှုန်း ကောက်ခံနေရာမှ ဝဒသမ ၅ရာခိုင်နှုန်းသို့ လျှော့ချကောက်ယူပေးသွားမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံရွှေနှင့်ဆိုင်သော စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့က ဩဂုတ်၂၀ရက်၌ ပြောကြားလိုက်သည်။

ထိုသို့ ပြည်ပမှရွှေများ တင်သွင်းမှုအပေါ် အခွန်လျှော့ချကောက်ယူမှုသည် ဗီယက်နမ်ပြည်တွင်း ရွှေဈေးကွက် ဖွံ့ဖြိုးလာစေရေးအတွက် လုပ်ဆောင်မှုတစ်ရပ်အဖြစ် ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒန်နွန်ဘန်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ပြည်ပမှ ရွှေများတင်သွင်းခဲ့ရာတွင် ၂၀၀၃ခုနှစ်တွင်ရွှေ ၅၉တန်၊ ၂၀၀၄ခုနှစ်တွင်ရွှေ ၆၅တန်နှင့် ၂၀၀၅ခုနှစ် ပထမ ခုနစ်လတွင် ရွှေတန်ချိန် ၄၀ခန့် တင်သွင်းခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ရွှေနှင့်ဆိုင်သော စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အပန်းဖြေနိုင်မည့် ရွက်ဖျင်တဲများ

**တရုတ်နိုင်ငံ နန်ကျင်းမြို့ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသော ဧည့်သည်များ အပန်းဖြေနိုင်သည့် ရွက်ဖျင်တဲများကို ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)





အင်္ဂါဂြိုဟ်မျက်နှာပြင်ကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# အင်္ဂါဂြိုဟ်၏မျက်နှာပြင် ပုံရိပ်အသစ် လေ့လာရေး အာကာသယာဉ်မှပေးပို့

ပေကျင်း ဩဂုတ် ၂၅

**အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်မှ နာဆာ၏မြေပြင်စခန်းသို့ ပေးပို့လိုက်သော အင်္ဂါဂြိုဟ် မျက်နှာပြင် ပုံရိပ်သစ်ကို နာဆာအဖွဲ့မှဩဂုတ် ၂၃ရက်က ထုတ်ပြန်လိုက်သည်။**

**ထွက်ပေါ်**

**အင်္ဂါဂြိုဟ်မျက်နှာပြင်၏ အချို့နေရာများသည် ညီညာပြေပြစ်သော မျက်နှာပြင်အနေအထားရှိပြီး အချို့နေရာများတွင် အလင်းရောင်ပြန်မှုများ ထွက်ပေါ်လျက်ရှိသည်။**

**ဆောင်ရွက်**

**တရုတ်နှင့် ရုရှားနိုင်ငံတို့မှ အာကာသသိပ္ပံပညာရှင်များ ပူးပေါင်း၍ လာမည့် ၂၀၀၉ခုနှစ်တွင် အင်္ဂါဂြိုဟ် လေ့လာရေးခရီးစဉ်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။**

**စူးစမ်းလေ့လာ**

**ထိုအင်္ဂါဂြိုဟ် လေ့လာရေးခရီးစဉ်တွင် အင်္ဂါဂြိုဟ်၏ အရံဂြိုဟ်လသို့လည်း စူးစမ်းလေ့လာမှုများပြုလုပ်ရန် စီစဉ်ထားသည်ဟု တရုတ်အာကာသ သိပ္ပံပညာရှင်တစ်ဦးက ဩဂုတ် ၂၃ရက်၌ ပြောကြားသည်။**

(အင်တာနက်)

# ဆူဒန်နိုင်ငံ၌ ရေလွှမ်းမိုး ၂၇ ဦး သေဆုံး၊ နေအိမ်များပျက်စီး

**ခါတွမ် ဩဂုတ် ၂၅**

ဆူဒန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားရာ နေအိမ် ၁၀၀၀၀ ခန့်ပျက်စီးပြီး လူ ၂၇ ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု ဆူဒန်ပြည်ထဲရေးဝန်ကြီးဌာနမှ ဩဂုတ် ၂၃ရက်က သတင်းထုတ်ပြန်သည်။

**ရေလွှမ်း**

ဆူဒန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မြစ်ရေများလျှံတက်ပြီး ခါတွမ်မြို့လမ်းများ၊ နေအိမ်များနှင့် အစိုးရအဆောက်အအုံအချို့ ရေလွှမ်းခြင်းခံရသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

**ဆောင်ရွက်**

ရေလွှမ်းမှုကြောင့် စိုက်ပျိုးမြေ ကီလိုမီတာများစွာမှ စိုက်ပျိုးရေးလုပ်ငန်းများထိခိုက်ခဲ့ရသည်။ ကယ်ဆယ်ရေးအဖွဲ့များက ရေလွှမ်းမှုကျဆင်းအောင်ဆောင်ရွက်နေပြီး ဒေသခံများ ဝမ်းရောဂါများ မဖြစ်ပွားအောင်လည်း ကူညီလုပ်ကိုင် ပေးလျက်ရှိသည်ဟု ၎င်းသတင်း၌ ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

# တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၂၀အတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ခဲ့

ချန်ဒူ ဩဂုတ် ၂၅

**တရုတ်နိုင်ငံသည် ၁၉၈၅ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ နှစ်ပေါင်း ၂၀အတွင်း ပြည်သူသန်း ၁၀၀ကျော်အား ဆင်းရဲနွမ်းပါးမှု လျှော့ချပေးနိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အရာရှိကြီးတစ်ဦးက ဩဂုတ် ၂၂ရက်၌ ပြောကြားသည်။**

တရုတ်နိုင်ငံတွင် ၁၉၈၅ခုနှစ်က နှစ်ပတ်လည်ဝင်ငွေ ၈၅ဒေါ်လာ အောက်ရရှိသော ပြည်သူ ၁၂၅သန်း ခန့်ရှိရာ ယခုအခါ နှစ်ပတ်လည်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၈ ဒေါ်လာ အနည်းဆုံးရရှိသူ ၄၀ဒသမ ၆၇သန်းရှိလာပြီဖြစ်ကြောင်း သိရသည်။

**တိုးတက်မြင့်မား**

တရုတ်အစိုးရအနေဖြင့် ယခုကဲ့သို့ လူဦးရေပမာဏကြီးမားစွာ ဆင်းရဲနွမ်းပါးမှုနှုန်း လျှော့ချပေးနိုင်ခဲ့သဖြင့် လူနေမှုအဆင့်အတန်းလည်း တိုးတက် မြင့်မားလာခဲ့သည်။

တရုတ်နိုင်ငံအစိုးရသည် ၁၉၈၀ ပြည့်နှစ်လယ်မှစတင်ကာ တရုတ်နိုင်ငံတစ်ဝန်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို ဆောင်ရွက်ရန် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဌာနကို ထူထောင်ကာ ဆောင်ရွက်ခဲ့သည်။

**ခွင့်ပြု**

ယခုနှစ်တွင် တရုတ်နိုင်ငံ၌ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၇၅ဘီလီယံ သုံးစွဲခွင့်ကို တရုတ်အစိုးရက ခွင့်ပြုပေးထားသည်။ လာမည့်နှစ်များတွင် ခွင့်ပြုငွေ ပိုမိုတိုးမြှင့်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း

# နိုင်ငံတကာ သတင်းများ

# နိုက်ထရိတ်လွန်ကဲသော နို့မှုန့်များ တရုတ်နိုင်ငံမှ အမေရိကန်သို့ ပြန်ပို့

**ပေကျင်း ဩဂုတ် ၂၅**

အမေရိကန်နိုင်ငံမှထုတ်လုပ်သော နို့မှုန့်တန်၁၀၀တွင် နိုက်ထရိတ် ပမာဏလွန်ကဲစွာ ပါဝင်နေသဖြင့် အမေရိကန်နိုင်ငံသို့ ပြန်ပို့လိုက်ကြောင်း ပေကျင်းကုန်ပစ္စည်းအဝင်အထွက်ထိန်းချုပ်ရေးနှင့် စစ်ဆေးရေးဌာနကပြောကြားသည်။

အဆိုပါနို့မှုန့်များကို တရုတ်ကုမ္ပဏီတစ်ခုက ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၁၀ အထိ သုံးသုတ်ခွဲ၍ တင်သွင်းခဲ့ခြင်း ဖြစ်သည်။

**တင်သွင်း**

ယင်းနို့မှုန့်ထုတ်လုပ်သည့်ကုမ္ပဏီအမည်ကို ထုတ်ဖော်ပြောကြားရန် ပေကျင်းကုန်ပစ္စည်းအဝင်အထွက် စစ်ဆေးရေးဌာနက ငြင်းဆိုခဲ့သည်။ ယင်းနို့မှုန့်များကို တရုတ်ကုမ္ပဏီက ချောကလက်လုပ်ရန် ကုန်ကြမ်းပစ္စည်းအဖြစ် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပါဝင်**

ယင်းနို့မှုန့်များကို စစ်ဆေးကြည့်ရာ ၂ဒသမ ၈မီလီဂရမ်၊ ၄ဒသမ ၄မီလီဂရမ်နှင့် ၂ဒသမ၇မီလီဂရမ်ရှိ နိုက်ထရိတ်ဓာတ်များသည့် နို့မှုန့် ကီလိုဂရမ်တိုင်းတွင် ပါဝင်နေသည်ဟု ဆိုသည်။

နိုက်ထရိတ်ဓာတ်သည် အချိန်ကာလကြာရှည်စွာ စားသောက်မိလျှင် ကင်ဆာဖြစ်နိုင်သည်ဟုဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရုရှားမှရေနံစိမ်းများ ဂျပန်တင်သွင်းမည်

**တိုကျို ဩဂုတ် ၂၅**

ဂျပန်နိုင်ငံ နီပွန်ရေနံလုပ်ငန်းသည် ရုရှားနိုင်ငံ၏ ဆာခါလင်ကျွန်းမှ ရေနံစိမ်းများ တင်သွင်းရန်စီစဉ်နေကြောင်း၊ ဂျပန်နိုင်ငံ၏ ရေနံလိုအပ်ချက်ကို တစ်နည်းတစ်လမ်းဖြင့် ဖြည့်ဆည်းရန်ဖြစ်ကြောင်း ယူမီယူရီရှင်ဘွန်း သတင်းစာက ဩဂုတ် ၂၃ ရက်၌ ဖော်ပြသည်။

နီပွန်ရေနံလုပ်ငန်းအနေဖြင့် ရုရှားနိုင်ငံ ဆာခါလင်ကျွန်းမှ ရေနံစိမ်းများကို ယခုနှစ်တွင် ဝယ်ယူကာ ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။ နီပွန်ရေနံလုပ်ငန်းသည် ရေနံစိမ်းများကို သယ်ယူရာတွင် ဆာခါလင်ရေနံမြေမှရုရှားနိုင်ငံ၏ပြည်ပရေနံတင်ပို့ရာစခန်းဖြစ်သည့် ခါဘာရော့ဗ် အရှေ့ဘက်စွန်းရှိ ဒေကာစထရီသို့ ပိုက်လိုင်းတစ်ခုဖြင့် ပို့ဆောင်ပြီး ထိုမှတစ်ဆင့် ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးနှင့် အခြားနေရာများသို့ ရေနံတင်သင်္ဘောများဖြင့် သယ်ယူမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ရေနံလိုအပ်ချက်၏ ၉၀ ရာခိုင်နှုန်းကို အရှေ့အလယ်ပိုင်းဒေသမှ တင်သွင်းရလျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အသေးငယ်ဆုံးမျောက်

**ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး မျောက်လေး တစ်ကောင်ကို တွေ့ရစဉ်။** (ယာပုံ)



အဆိုပါမျောက်လေးမှာ မွေးရာပါ အမွေးဖြူများပါရှိပြီး တစ်ကိုယ်လုံးမှာ ဖြူဖွေးလျက်ရှိသည်။ မျက်လုံးများမှာ ပန်းရောင်ရှိကာ အဖြူရောင်အမွေးရှည်များ တစ်ကိုယ်လုံးဖုံးလွှမ်းနေသည်။ တောင်အမေရိက အမေဇုန်တောအတွင်းကျက်စားသည့် မျောက်မျိုးနွယ်စိတ်ဖြစ်ပြီး အရှည် ၃၅ စင်တီမီတာနှင့် အလေးချိန် ၁၀၀ဂရမ် သာရှိရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး မျောက်လေး တစ်ကောင်ဖြစ်သည်။ ယခုအခါ ဆွီဒင်နိုင်ငံ ဖရိုဆို တိရစ္ဆာန်ဥယျာဉ်၌ မွေးမြူထားကြောင်း သိရသည်။

**(အင်တာနက်)**



## အိမ်ရိုက်သံငါးသိန်းဖြင့် ပန်းချီရေးဆွဲသူ

**အိမ်ရိုက်သံ ငါးသိန်းဖြင့် ပန်းချီ ဆွဲနေသူတစ်ဦးကို တွေ့ရစဉ်။** (ဝဲပုံ)

အယ်ဘေးနီးယားနိုင်ငံ မြို့တော်တီရာနာတွင် ဆေမီရာစထရာတီ အမည်ရှိ အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးက ပန်းချီကျော် လီယိုနာဒိုဒါဗင်ချီ ရေးဆွဲခဲ့သည့် ပန်းချီကားတစ်ချပ် ပုံတူကို အိမ်ရိုက်သံအချောင်းငါးသိန်း အသုံးပြုပြီး ရေးဆွဲခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

# မပေါက်ကွဲသေးသည့် ဒုံးကျည်များရှင်းလင်းစဉ် လက်ဘနွန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘေရွတ် ဩဂုတ် ၂၅

**လက်ဘနွန်တောင်ပိုင်း၌ဩဂုတ် ၂၃ ရက်က အစ္စရေးတို့ ကြဲချသော မပေါက်ကွဲသေးသည့် ဒုံးကျည်များကို ရှင်းလင်းရာတွင် လက်ဘနွန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားကြောင်း ထိပ်တန်းလုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များက အစ္စရေးနှင့် ဟစ်ဇ်ဘိုလာပြောက်ကျားများ ၃၄ ရက်ကြာ စစ်ပွဲဖြစ်ပွားမှုအဆုံးသတ်စေခဲ့ပြီးနောက် ဩဂုတ် ၁၇ရက်က လက်ဘနွန်တပ်များ တောင်ပိုင်း၌ တပ်ဖြန့်ခဲ့ပြီး ပထမဆုံး အကြိမ်သေဆုံးမှုဖြစ်သည်။

**ပြောကြား**

ဩဂုတ် ၂၃ရက် နံနက်ပိုင်းက လက်ဘနွန်တောင်ပိုင်း၌ မိုင်းများရှင်းလင်းစဉ် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိသွားကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

**မျှော်လင့်**

လက်ဘနွန်တောင်ပိုင်း၌ လက်ဘနွန်တပ်ဖွဲ့ဝင်များ အပြည့်အဝချထားရန် စောင့်ဆိုင်းနေကြောင်း၊ အစ္စရေးတပ်များ ယင်းဒေသမှ မရုပ်သိမ်းမီ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ တိုးချဲ့ရောက်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း အစ္စရေးတို့က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Yomiuri Shimbun သတင်းစာ ဗန်ကောက်ဗျူရိုသတင်းထောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၅**

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျပန်နိုင်ငံ Yomiuri Shimbun သတင်းစာ ဗန်ကောက်ဗျူရိုမှ သတင်းထောက် Mr. Kawabe သည် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း ဒဂုံသီရိလမ်း အမှတ်၅၀ နေ ဒေါ်ကျော့နှင့်သား၊သမီး၊မြေး၊မြစ်မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းသုံးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် တိုက်အမှတ် ၁၃ အခန်း ၃ နေ ဖခင်ကြီး ဦးဖေကြည်၏(၈၉)နှစ်မြောက်မွေးနေ့နှင့် မိခင်ကြီး ဒေါ်ကြည်ကြည်သွင်(၈၂)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သား၊သမီး၊မြေး မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## တောင်ငူနှင့် မဒေါက်မြို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

ရန်ကုန် ဩဂုတ် ၂၅

**စစ်တောင်း မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၆၅၆ စင်တီမီတာနှင့် ၁၁၂၃ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနေကြသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၇၂နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ နှင့် စင်တီမီတာ ၁၀၇၀ အသီးသီး အထက်တွင် ဆက်လက် တည်ရှိနိုင်သည်ဟု သိရသည်။** (မြန်မာ့အလင်း)

## ကျောင်းကျန်းမာရေး ရက်သတ္တပတ် ကျောက်တံတားမြို့နယ် အလက(၁)၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အစီအစဉ်အရ ဩဂုတ် ၁၀ ရက်က ကျောက်တံတားမြို့နယ် အလက(၁) ကျောင်းခန်းမတွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ် အာဟာရကျွေးခြင်း အခမ်းအနားကို ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းနုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်သီတာကြူးက ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။ **(ယာပုံ)**

ထို့နောက် မပန်းဖူးပွင့်ဇော်(ဒုတိယတန်း)မိသားစုက လှူဒါန်းသောကြာဆံချက်အာဟာရ ကျွေးမွေးခြင်းဖြင့် ဧည့်ခံရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

## အင်ဒိုနီးရှားနိုင်ငံ ထုတ်ကုန်ပစ္စည်းပြပွဲ ခင်းကျင်းပြသမည်

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်း စီစဉ်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံထုတ်ကုန်ပစ္စည်းပြပွဲကို လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ရှိ UMFCCI OfficeTower ၌ ဩဂုတ် ၂၇ရက်နှင့် ၂၈ ရက်တို့တွင် နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီအထိခင်းကျင်းပြသမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် အင်ဒိုနီးရှားနိုင်ငံမှ အထည်အလိပ်နှင့် အဝတ်အထည်ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာပစ္စည်းများ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ စားသောက်ကုန်ပစ္စည်းများ၊ ကြိမ်နှင့် ပရိဘောဂ ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများ၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများ၊ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ ပစ္စည်းများ၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းလိုင်းဆိုင်ရာ ပြခန်းတို့ကို ပြသမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များတို့၏ ထုတ်ကုန် ပြခန်းများလည်း ပါဝင်ပြသမည်ဖြစ်သည်။ ပြပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆–၈–၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ချည်ခင်ချည်မျှင်ပိတ်စအသွင် |
| ၇:၂၀ | တေးဂီတအစီအစဉ် |
| ၇:၂၅ | MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာကျော်သီဟ (ဟသ်ာတ)နှင့် တွေ့ဆုံခြင်း] |
| ၇:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇:၅၅ | လေယာဉ်စီးပြီး ဝေဟင်ခရီးသွားကြရအောင် |
| ၈:၁၀ | တေးဂီတအစီအစဉ် |
| ၈:၁၅ | စက္ကူလွှင်လွှင် ပန်းယဉ်ယဉ် အလှဆင်စေချင် |
| ၈:၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၈:၃၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၈:၄၅ | တေးဂီတအစီအစဉ် |
| ၈:၅၀ | အသည်းရောင်အသားဝါ(စီ) ပိုးတွေ့ရှိနေလျှင် (ဒေါက်တာခင်မောင်ဝင်း) |
| ၉:၀၅ | Music Gallery (ချစ်နေရရင်ပြီးတာပဲ) |
| ၉:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ | ပေမူမှသည် ပုံနှိပ်မူသို့ |
| ၉:၅၅ | Celebrity Style (ဇေယျ) |
| ၁၀:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၂၀ | တေးဂီတအစီအစဉ် |
| ၁၀:၂၅ | စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ချစ်ဦးညို) |
| ၁၀:၄၅ | Basic Computer Learning for Beginner (Vol.4) |
| ၁၁:၀၀ | တေးဂီတအစီအစဉ် |
| ၁၁:၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၁၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | အားလုံးကိုသိစေချင်တယ် ဦးကျော်ရှိန်၊ ဒေါ်တင်တင်အိ၊ နန်းဆုရတီစိုး |
| ၁၁:၄၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၁:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၅:၃၀ | ပွဲကြိုသုံးသပ်ချက် | 5-Sports |
| ၆:၁၀ | Liverpool-Westham | 5-Sports(Live) |
| ၈:၂၅ | Tottenham-Everton | 5-Sports(Live) |
| | Watford-Man Utd | 5-Series(Live) |
| | Wigan-Reading | 5-Cartoon(Live) |
| ၁၀:၄၀ | Man City-Arsenal | 5-Series(Live) |
| ၁၁:၀၀ | Fulham-Sheffield United | 5-Sports(SDD) |



## အင်တာနက် သတင်းနှင့် ဓာတ်ပုံ



## ရေနွေးကြမ်း လေးခွက်ခန့်နေ့စဉ်သောက်ခြင်းသည် လူတို့၏ကျန်းမာရေးကို အထောက်အကူပြုဟုဆို

လူတို့အနေဖြင့် တစ်နေ့လျှင် ရေနွေးကြမ်း သုံးခွက် သို့မဟုတ် လေးခွက်သောက်ခြင်းသည်ရေအများအပြား သောက်ခြင်းကဲ့သို့ လူတို့၏ ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း၊ ထို့အပြင် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေကြောင်း လန်ဒန်ရှိ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ရေနွေးကြမ်းတွင် ပါဝင်သောဓာတ်တစ်မျိုးသည် လူတို့၏ခန္ဓာကိုယ်တွင် ဖြစ်ပေါ်တတ်သည့် ရေခန်းခြောက်မှုကို ထိန်းပေးနိုင်ကြောင်း၊ သောက်ရေကဲ့သို့ပင် လူ့ခန္ဓာကိုယ်တွင် ရေဓာတ်များများရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

သို့ရာတွင် ရေကဲ့သို့ လူတို့၏ ခန္ဓာကိုယ် ရေခန်းခြောက်မှုကို ဖြည့်ဆည်းပေးနိုင်သည် သာမက နှလုံးရောဂါနှင့်အချို့သောကင်ဆာရောဂါများကိုလည်းရေနွေးကြမ်းကကာကွယ်ဟန့်တားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင် သောက်ရေထက် လူတို့၏ ကျန်းမာရေးကို ရေနွေးကြမ်းက ပိုမိုအကျိုးပြုသည်ဟု လက်တွေ့ သုတေသနပြုချက်အရ ၎င်းတို့က ပြောကြားခြင်း ဖြစ်သည်။ ထိုသို့ ဖြစ်ရသည်မှာ ရေနွေးကြမ်းတွင်ပါဝင်သော ဓာတ်ပစ္စည်းများက လူတို့၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်အောင် အထောက်အကူပြုပေးရာတွင် အဓိက တွန်းအားပေးကြခြင်းကြောင့်ဖြစ်ကြောင်းလည်း သုတေသနပညာရှင် ဒေါက်တာကာရီရုဇ်တန်က ပြောကြားသည်။

ထို့ကြောင့် တစ်နေ့လျှင် ရေနွေးကြမ်း သုံးခွက် သို့မဟုတ် လေးခွက်သောက်သုံးခြင်းဖြင့် လူတို့ကိုယ်ခန္ဓာအတွင်းဆဲလ်များ ပျက်စီးမှုကို အကာအကွယ်ပေးနိုင်ပြီး သွေးလည်ပတ်မှုကို ကောင်းမွန် မျှတစေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် နှလုံးရောဂါဖြစ်ပွားစေမှုမှလည်း ဟန့်တားနိုင်သည်ဖြစ်ရာ ရေနွေးကြမ်းလေးခွက်ခန့်နေ့စဉ်သောက်သုံးခြင်းသည် သွားများကို ခိုင်မာစေခြင်း၊ အရိုးများကို ခိုင်မာစေခြင်းတို့ပါ အကျိုးပြုကြောင်း တွေ့ရှိရသည်ဟု ဒေါက်တာကာရီရုဇ်တန်က ပြောဆိုသည်။ **(ကိုးကား–အင်တာနက်)**

# (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဘော်လီဘောပြိုင်ပွဲ ရန်ကုန်တိုင်းအမျိုးသမီးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသားတို့ဗိုလ်စွဲ

**သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)**

ရန်ကုန် မတ် ၂၅

**၂၀၀၆ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘော ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲ ၁နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။**

အမျိုးသမီးဗိုလ်လုပွဲတွင် ကလပ်အသင်းအများစုမှ အမျိုးသမီးငယ်များကို အခြေခံထားပြီး ရိုက်အားနှင့် ပင့်ထောင်မှု အားကောင်းလှသည့်



(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၂၅နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအမျိုးသမီးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ဒိုင်းဆုကြီး ချီးမြှင့်ပေးအပ်စဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန်တိုင်းအသင်းသည် လူငယ်အများစုဖြင့် ဖွဲ့စည်းယှဉ်ပြိုင် သွားသော မွန်ပြည်နယ်အသင်းကို၂၅မှတ်–၁၄မှတ်၊ ၂၅မှတ်–၁၀မှတ်၊ ၂၅မှတ်–၁၂မှတ်ဖြင့် သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ တစ်ပွဲထက်တစ်ပွဲ လက်စွမ်းထက်လာသည့် မွန်ပြည်နယ်အသင်းသည် အတွေ့အကြုံရင့်သည့် ရန်ကုန်တိုင်းအသင်းကိုရှုံးပြီး ဒုတိယနှင့်သာ ကျေနပ်ခဲ့ရသည်။

## စံချိန်

ရန်ကုန်တိုင်းအမျိုးသမီးအသင်းသည် ယခုပွဲစဉ်တစ်လျှောက် ပြိုင်ဘက်အသင်းများအား သုံးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ရှုံးပွဲမရှိ စံချိန်တင်လိုက်နိုင်သည်။

ရန်ကုန်တိုင်းအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးစီးအရာရှိ ဒေါ်လှမြိုင် (အား/ကာ)နှင့် နည်းပြအဖြစ် ဦးစီးအရာရှိ ဒေါ်သိန်းသိန်းဌေး တို့က လည်းကောင်း၊ ကစားသမားများမှာ ရိုက်ခတ်သူအဖြစ် အသင်းခေါင်းဆောင် ပြည်ထဲရေးမှ ဖူးဖူးမောင်၊ ပို့ဆောင်ရေးမှ ယဉ်နှင်းဖြူနှင့် စိမ်းလဲ့လဲ့ဝင်း၊ ကာကွယ်ရေးမှ သီတာလွင်၊ ထွေးနုလွင်၊ ဇင်မာဝေ၊ ဝင်းပပဖြိုးနှင့် နွယ်နွယ်ထွန်း၊ ပင့်ထောင်သူအဖြစ် ပို့ဆောင်ရေးမှ အေးမြတ်ငြိမ်းနှင့် ဆယ်မသူအဖြစ် ကာကွယ်ရေးမှ ဖြူဖြူဝေတို့ ပါဝင်ကစားကြသည်။

## အမျိုးသား

အမျိုးသားဗိုလ်လုပွဲတွင် အကြိုဗိုလ်လုပွဲတွင် ထိပ်သီးအသင်းနှစ်သင်းကို အနိုင်ယူထားသည့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ တစ်ဦးနှင့်တစ်ဦး အမှားမခံဘဲ ယှဉ်ပြိုင်ကြပြီး အမှတ်တစ်မှတ် ရရှိရေးအတွက် ခက်ခက်ခဲခဲ ယှဉ်ပြိုင်သွားကြရာ ကြည့်ကောင်းပြီး ပရိသတ် အကြိုက်တွေ့စေသည့် ပြိုင်ပွဲကောင်း တစ်ပွဲဖြစ်သည်။

ပထမပွဲငယ်တွင် စစ်ကိုင်းတိုင်းအသင်း ၁၄ မှတ်–၁၀ မှတ်ဖြင့် ဦးဆောင်ထားရာမှ ရှမ်းပြည်နယ်တောင်ပိုင်း အကွက်စေ့စေ့ ပိတ်ဆို့မှုအားကောင်းစွာဖြင့် ယှဉ်ပြိုင်လာရာ ၂၄မှတ်စီ တူညီနေပြီး ပွဲမှာ ပို၍ ကြည့်ကောင်းလာသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၏ အမှားကို စစ်ကိုင်းတိုင်းအသင်း မိမိရရအသုံးချကစားသွား၍ နှစ်မှတ်ဆက်တိုက်ရယူကာ အနိုင်ရယူသွားသည်။ ပထမပွဲငယ်အပြီးတွင် စစ်ကိုင်းတိုင်းက ၂၆မှတ်–၂၄မှတ်ဖြင့် အနိုင်ရရှိပြီး တစ်ပွဲနိုင်ဖြင့် စတင်ဦးဆောင်ထားသည်။



(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ စစ်ကိုင်းတိုင်းမှ ရဲရင့်ထွန်းအား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် ပထမပွဲငယ်ရှုံးထားသော်လည်း စိတ်ဓာတ်မကျဘဲ ပထမပွဲငယ် အမှားများနှင့် ပိတ်ဆို့မှု ရိုက်ခတ်မှုများကို ပြုပြင်၍ ယှဉ်ပြိုင်ရာ ဒုတိယပွဲငယ်တွင် ၂၅မှတ်–၂၁မှတ်ဖြင့် လည်းကောင်း၊ တတိယပွဲငယ်တွင် ၂၅ မှတ်–၂၃မှတ်ဖြင့် လည်းကောင်း၊ စတုတ္ထပွဲငယ်တွင် ၂၅မှတ်–၂၀မှတ်ဖြင့် သုံးပွဲဆက်တိုက် အနိုင်ရရှိကာ ပွဲအပြီးတွင် သုံးပွဲ–တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဒိုင်းဆုကြီးကို တောင်ပေါ်မြေသို့ သယ်ဆောင်သွားသည်။

## သယ်ဆောင်

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများ ယှဉ်ပြိုင်ရာ ပွဲငယ်များတွင် အမှတ်အားဖြင့် ပြိုင်ဘက်အသင်းများနောက်မှ လိုက်ရသော်လည်း စိတ်ဓာတ်ကြံ့ခိုင်မှု၊ စုစည်းမှုအားကောင်းခြင်းနှင့် အောင်နိုင်ရေးစိတ်ဓာတ်မွေးမြူခြင်းကြောင့် ယခုလို အောင်ပွဲခံနိုင်ခြင်းဖြစ်သည်။

## ပါဝင်ကစား

ဗိုလ်စွဲသွားသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမောင်မောင်လောက်၊ နည်းပြအဖြစ် ဦးခင်မောင်ဌေး၊ အားကစားသမားများမှာ ပင့်ထောင်သူအဖြစ် ကျော်လှိုင်ဝင်းနှင့် အောင်သူ၊ ပိတ်ဆို့သူများအဖြစ် ကျော်သူမြင့်၊ အောင်နိုင်ထွန်းနှင့် သိန်းထွန်းတင်၊ ရိုက်ခတ်သူများအဖြစ် ဇာနည်ဟိန်း၊ သန်းထွန်း၊ ဇော်ဝင်းထွန်း၊ ထွန်းထွန်းဦး (အသင်းခေါင်းဆောင်)၊ ဝင်းမင်းဇော်၊ သက်နိုင်ဦးနှင့် ဆယ်မသူ အောင်နိုင်လင်းတို့ ပါဝင်ကစားကြသည်။

ပြိုင်ပွဲတွင် ပထမဆုကျပ်နှစ်သိန်း၊ ဆုတံဆိပ်၊ ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းကိုလည်းကောင်း၊ ဒုတိယဆု ကျပ်တစ်သိန်းခွဲနှင့် ဆုတံဆိပ်ကို လည်းကောင်း၊ ပူးတွဲတတိယဆုတံဆိပ်နှင့် ငွေသားကျပ်တစ်သိန်းကိုလည်းကောင်း၊ အကောင်းဆုံးဆု ကျပ်နှစ်သောင်းစီကိုလည်းကောင်း ချီးမြှင့်သည်။

## ရိုက်ခတ်ဆု

အမျိုးသားအကောင်းဆုံး အားကစားသမားဆုကို စစ်ကိုင်းတိုင်းမှ ရိုက်ခတ်သူ ရဲရင့်ထွန်းက လည်းကောင်း၊ အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုကို ရန်ကုန်တိုင်းမှ ရိုက်ခတ်သူ ယဉ်နှင်းဖြူကလည်းကောင်း ရရှိသွားသည်။

## ချီးမြှင့်

ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ။

**(မြန်မာ့အလင်း)**



(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသွားသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအား ဆုယူအပြီး အုပ်ချုပ်သူနည်းပြများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

# ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၇) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၅**



ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ် (၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။**(ဝဲပုံ)**

အဆိုပါဂျာနယ်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များအဆင့်မြင့် စီမံခန့်ခွဲရေး အထူးသင်တန်း အမှတ်စဉ်(၂)သင်တန်းဆင်းပွဲတွင် အထွေထွေအတွင်းရေးမှူး ပြောကြားသည့်အမှာစကား၊ L.T.A ၏ Globalization နှင့် တတိယကမ္ဘာ၊ တက္ကသိုလ်တင်ခ၏ မြန်မာနိုင်ငံ သတင်းစာသမိုင်းအကျဉ်း၊ မောင်မောင်အုန်း (လယ်ဝေး)၏ ကြည်နူးစရာမြင်ကွင်းတစ်ခု၊ စိမ်းမြရည် (ပြန်/ဆက်)၏ မွန်မြတ်စိတ်ထား၊ ဒေါက်တာလှမောင် (စီးပွားရေး)၏ အသိပညာနှင့် စီးပွားရေးတိုးတက်မှု၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၏ ပုဗ္ဗစကတပုညတာ၊ ညွန့်ဟံ (ကြူတော)၏ မပျောက်ကွယ်သင့်သော မြတ်နိုးစရာအရိုးအစဉ်များ၊ မင်းသစ်ဦး၏ ကမ္ဘာ့ဈေးကွက်ဝင် ဂျပန်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ၊ မောင်စိန်နိုင် (ဓာတုဗေဒ)၏ လမ်းလျှောက်လို့သာကျန်းမာပါစေ၊ ပြည်သန်းဆွေ၏ အလုပ်နှင့်အချိန် စသည့် မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ နေဝင်းနီ၏ ပြည့်သားငယ်ကဗျာ၊ မြန်မာစာအုပ်အညွှန်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေ ဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာ ဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

# အိုလံပစ်အားကစားပြိုင်ပွဲအကြိုရွက်လှေပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အဖွဲ့ပါဝင်ယှဉ်ပြိုင်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၂၅**

၂၀၀၈ ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲအကြို ရွက်လှေအားကစားပြိုင်ပွဲ (Pre Olympic Test Regatta)ကို တရုတ်နိုင်ငံ ရှန်ဒေါင်းမြို့၌ ဩဂုတ် ၁၈ရက်မှ ၃၁ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

## ပါဝင်ဆောင်ရွက်

မြန်မာ့ရွက်လှေအားကစားဖွဲ့တွင် နိုင်ငံ့ကိုယ်စားပြုအဖြစ် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်၊ အသင်းခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ လှေများတာဝန်ခံ ဦးမင်းဇော်၊ နည်းပြအဖြစ် Bevis Field(အင်္ဂလန်) တို့က လိုက်ပါဆောင်ရွက်လျက်ရှိကြသည်။

## အားကစားသမားများ

အားကစားသမားများ အဖြစ် အမျိုးသားပြိုင်ပွဲအတွက် မောင်အောင်မြင်သူနှင့် မောင်စိုင်းပြည့်စုံဟိန်း၊ အမျိုးသမီးပြိုင်ပွဲအတွက် မချစ်စုနှင့် မနွဲ့နွဲ့စန်းတို့ပါဝင်ကြသည်။ မြန်မာ့ရွက်လှေ အားကစားသမားများသည် သက်ကြီးတန်း Int'l 470 Class ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရွက်လှေ အားကစားသမားအကျော်အမော်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြရာ မြန်မာ့လက်ရွေးစင် အားကစားအဖွဲ့အနေဖြင့် ဆုတံဆိပ်ရရှိရေးထက် အတွေ့အကြုံ ရရှိရေးကို ဦးစားပေးယှဉ်ပြိုင်ရမည့် အနေအထားဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# မြန်အောင်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဩဂုတ် ၂၅**

မြန်အောင် ဂေါက်ကွင်းတွင် ဩဂုတ် ၉ ရက်က ဦးလှဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)သည် ၁၂၂ ကိုက်ဝေးသော နံပါတ်(၁) ကျင်းကို Super Eagle No. 7 တုတ်ဖြင့် Fantom. No. 2 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်းနှင့် ကျင်းဝင်သွားခဲ့သည်။ ကစားဖော်များမှာ ဦးနေဝင်း (စစ်မှုထမ်းဟောင်း)၊ ဦးဝင်းနိုင် (တာဝန်ခံအင်ဂျင်နီယာ၊ အော်တိုအိတ်ချိန်း)နှင့် ဦးမြင့်ဇော် (ကားလုပ်ငန်းပိုင်ရှင်)တို့ ဖြစ်ကြသည်။ အလားတူ ပြီးခဲ့သည့် ဇူလိုင် ၂၀ ရက်ကလည်း ဦးကျော်လွင်ထွန်း (ရတနာရွှေဆိုင်)သည် ၁၂၂ ကိုက်ဝေးသော နံပါတ်(၁)ကျင်းကို Titleist-762, PW တုတ်ဖြင့် Precept-01 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်းနှင့် ကျင်းဝင်သွားခဲ့သည်။ ယင်းနေ့က ကစားဖော်များမှာ ဒေါက်တာသန်းထွဋ် (အတွင်းရေးမှူး၊ ပြည်ခိုင်ဖြိုး)၊ ဦးဌေးလွင် (စိန်ရတီဆီစက်)၊ ဦးကျော်ထူး (ပင်မွေးရေခဲစက်)နှင့် ဦးထွန်းဇော်ငွေ (မြန်အောင်ရေနံမြေ) တို့ဖြစ်ကြသည်။

**(မြန်မာ့အလင်း)**

# မင်းကိုနိုင်နှင့် ဌေးကြွယ်တို့ ဗြိတိန်သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ် ၎င်းတို့အဖွဲ့မှ ကိုကိုကြီးနှင့် သက်ဇော်တို့လည်း ကလေးမြို့နှင့် ကလေးဝမြို့သို့ သွားရောက်ပြီး မြို့နယ် NLD အဖွဲ့ဝင်များနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့

ရန်ကုန် ဩဂုတ် ၂၅

၈၈ ကျောင်းသားအမည်ခံအဖွဲ့မှ မင်းကိုနိုင်၊ ဌေးကြွယ်တို့နှင့် ရန်ကုန်မြို့ရှိ ဗြိတိန်သံရုံးမှ သံအမတ်ကြီးတို့ ဩဂုတ် ၂၄ ရက် ညနေပိုင်းတွင် ဗြိတိသျှသံရုံးမှ ပထမအတွင်းဝန်၏ နေအိမ်၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းများ ဆက်လက်ရရှိသည်။

၎င်းသတင်းနှင့် တစ်ဆက်တည်းမှာပင် ထိုအဖွဲ့မှ ကိုကိုကြီးနှင့် သက်ဇော်(ဗကသ)တို့သည် ဩဂုတ် ၁၉ ရက်တွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ရောက်ရှိပြီး ကွယ်လွန်သူ ကလေးမြို့နယ် အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် NLD ဒေါက်တာသိန်းဝင်း၏နေအိမ်တွင် တည်းခိုခဲ့ကြောင်း၊ ဩဂုတ် ၁၉၊ ၂၀ ရက်တို့တွင် ကလေးမြို့နယ် NLD ဥက္ကဋ္ဌ ဦးကာ၊ စာရေးဆရာမြဆင့်ချယ်တို့နှင့် အသီးသီးတွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြောင်း ဆက်စပ်သတင်းများ ရရှိသည်။

ကိုကိုကြီးနှင့် သက်ဇော်တို့သည် ဩဂုတ် ၂၁ ရက်တွင် မြဆင့်ချယ်၊ ဒေါက်တာသိန်းဝင်း၏ သားသမီးများနှင့်အတူ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ သိုင်းငင်းရွာသို့ ကားဖြင့် သွားရောက်စဉ် လမ်း၌ မြေပြိုနေသဖြင့် ကလေးမြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ထိုနေ့ညနေပိုင်းတွင် မြို့နယ် NLD ဥက္ကဋ္ဌ ဦးကာ၊ ၈၈ ဆူပူအကြမ်းဖက်မှု၌ ပါဝင်ခဲ့ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားပြီးနောက် ပြန်လည်အလင်းဝင်လာသူ ဦးမြင့်သိန်းတို့နှင့် အသီးသီးတွေ့ဆုံခဲ့ကြောင်း။

ဩဂုတ် ၂၂ ရက်တွင် သက်ဇော်သည် မြို့နယ် NLD အဖွဲ့ဝင် ဦးထွန်းသိန်းနေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ ကိုကိုကြီးသည် ဒေါက်တာသိန်းဝင်းနေအိမ်၌ မြို့နယ် NLD ဥက္ကဋ္ဌ ဦးကာ၊ ဦးညွန့်မောင်(ရပ်/ကျေး)၊ ဦးမြင့်သိန်း၊ ဦးထွန်းသိန်း၊ ဦးအယ်များ၊ ဦးဒိုထော်(ကလေး–၁)တို့နှင့် တွေ့ဆုံ ပြီး NLD အဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ထိုနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း။

ဩဂုတ် ၂၃ ရက်တွင် ကိုကိုကြီးနှင့် သက်ဇော်တို့သည် ဒေါက်တာသိန်းဝင်း၏ သမီးနှစ်ဦး၊ ၎င်းတို့၏သူငယ်ချင်း အမျိုးသမီးတစ်ဦးတို့နှင့်အတူ ကလေးဝမြို့သို့သွားရောက်ပြီး NLD ပါတီဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း။

ဩဂုတ် ၂၄ ရက်တွင် ၎င်းတို့ငါးဦးသည် သိန်းသန်းကြွယ် အမြန်ရေယာဉ်ဖြင့် ကလေးဝမှ မုံရွာသို့ ထွက်ခွာခဲ့ကြောင်း၊ သက်ဇော်သည် မုံရွာမှ ရေစကြိုမြို့သို့ သွားရန်ရှိပြီး ကိုကိုကြီးနှင့် ကျန်သုံးဦးသည် ရန်ကုန်သို့ ဆက်လက်ထွက်ခွာလာကြောင်း သတင်းရရှိသည်။

ယင်းသို့ ကိုကိုကြီးနှင့်အဖွဲ့ လာရောက်လှုပ်ရှားမှုကို မြင်တွေ့ကြားသိရသည့် ဒေသခံပြည်သူများက ကိုကိုကြီးနှင့် မင်းကိုနိုင်တို့အဖွဲ့သည် ၁၉၈၈ ခုနှစ် ဆူပူအကြမ်းဖက်မှုတွင် ပါဝင်လှုပ်ရှားခဲ့သူများ ဖြစ်ကြောင်း၊ နောက်ပိုင်း၌ ရန်ကုန်မြို့ရှိ အနောက်အင်အားကြီးနိုင်ငံအချို့၏ သံတမန်များ၊ ပြည်ပြေးသောင်းကျန်းသူအုပ်စုများ၊ ပြည်တွင်းနိုင်ငံရေးပါတီတစ်ခုမှ ပါတီဝင်များ၊ ပြည်ပမီဒီယာများနှင့် တွေ့ဆုံ၍ နိုင်ငံရေးပွဲစားလုပ်နေသူများဖြစ်ကြောင်း၊ ယခုလည်း ၎င်းတို့ဒေသ၏ တည်ငြိမ်အေးချမ်းနေမှုများ ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်ရန် အစီအမံရှိရှိဖြင့် လာရောက်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဝေဖန်ပြောကြားမှုများရှိနေသည်ဟု သတင်းရရှိသည်။ **(ကပ)**

## လူကုန်ကူးမှုကျူးလွန်သူတရားခံနှစ်ဦးတို့အား ပြစ်ဒဏ်အသီးသီးချမှတ် ဖြားယောင်းခေါ်ဆောင်ခြင်းခံရသူအား မိဘရင်ခွင်သို့ စနစ်တကျအပ်နှံ

ရန်ကုန် ဩဂုတ် ၂၅

**မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မြန်မာအမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးများ ပေးထားသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှုမှ ကင်းဝေးစေရန်အတွက် တရားဥပဒေနှင့်အညီ အဘက်ဘက်က တားဆီးကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။**

### အချိန်ချမှတ်

ယင်းသို့ ဥပဒေနှင့်အညီ တားဆီးကာကွယ်စောင့်ရှောက်လျက်ရှိချိန်တွင် ဥပဒေကို မျက်ကွယ်ပြုကာ မြန်မာအမျိုးသမီး ငယ်ရွယ်သူများအား လူမှောင်ခိုကုန်ကူးခဲ့ကြသော တရားခံများဖြစ်ကြသည့် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် တာမိုးညဲရပ်ကွက်(၈)နေ မရန်ဖိုက်ရီ (၂၂)နှစ်၊ (ဘ)ဦးရန်ကွေ့ရင်းအား မူဆယ်ခရိုင်တရားရုံးက ဩဂုတ် ၁၁ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ(၂၄)အရ ထောင်ဒဏ် ၁၀ နှစ်၊ ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာအုပ်စု၊ ရပ်ကွက်(၁)အရှံယန်ရွာနေ နော်ဆိုင်း (၃၆)နှစ်၊ (ဘ)ဦးအိုက်လိတ်အား ဩဂုတ်၁၄ရက်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ(၂၄)အရ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံစေရန်တို့ကို အမိန့်ချမှတ်ခဲ့သည်။

တရားခံ မရန်ဖိုက်ရီသည် ကွတ်ခိုင်မြို့နယ် တာမိုးညဲရပ်ကွက်(၈)နေ တောင်သူ မအေးအေးစံ (၂၄)နှစ်(ဘ) ဦးရန်စီရင်အား တရုတ်လူမျိုးတစ်ဦးနှင့် အခမ္မပေးစားရန်အတွက် ငွေကျပ် ၉၆၀၀၀၀ ပေးမည်ဟု ဖြားယောင်းသွေးဆောင် စည်းရုံး၍ စရန်ငွေကျပ် ၂၀၀၀၀၀ ပေးပြီး ခေါ်ဆောင်လာစဉ် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် တစ်ဖက်နိုင်ငံ နယ်စပ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ၍ လွှဲပြောင်းပေးအပ်ခဲ့သဖြင့် မူဆယ်ခရိုင် လူကုန်ကူးမှု တားဆီး နှိမ်နင်းရေးအထူးအဖွဲ့က အရေးယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တရားခံ နော်ဆိုင်းသည် တရားလိုဒေါ်ဂျီးတောင်၏သမီး မလုအောင် (၁၆နှစ်)နှင့် အိမ်နီးချင်း မဆိုင်းနန်(ခ)မရွက်နန်း(၁၈နှစ်) တို့အား အလုပ်ရှာပေးမည်ဟု ဖြားယောင်းသွေးဆောင်စည်းရုံးကာ တစ်ဖက်နိုင်ငံအတွင်းသို့ ခေါ်ဆောင် ရောင်းစားထားခဲ့သဖြင့် မလုအောင်၏မိခင် ဒေါ်ဂျီးတောင်က တရားလိုပြုလုပ်တိုင်တန်းခဲ့၍အရေးယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

### စနစ်တကျအပ်နှံ

သွေးဆောင်ဖြားယောင်းခေါ်ဆောင်ခြင်းခံရသူ မအေးအေးစံအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များက နှစ်သိမ့်ဆွေးနွေးအားပေးကြပြီး နွေးထွေးစွာ ကြိုဆိုကာ မိဘရင်ခွင်သို့ စနစ်တကျ ပြန်လည်အပ်နှံပြီးဖြစ်သည်။

သွေးဆောင်ဖြားယောင်း၍ ရောင်းစားခြင်းခံရသူ မလုအောင်နှင့် မဆိုင်းနန်(ခ)မရွက်နန်းတို့အား ပြန်လည်ကယ်တင်နိုင်ရေးအတွက် တစ်ဖက်နိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ပူးပေါင်းစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## NLD ပါတီအပေါ် ထောက်ခံမှု၊ စိတ်ဝင်စားမှုမရှိ၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ၊ ဒေးဒရဲမြို့နယ် NLD မှ ပါတီဝင် ၁၉ ဦးတို့ စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၅

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သဲကုန်းလေးကျေးရွာမှ ဦးသောင်းညွန့်၊ ဦးအေးဝင်း၊ ဦးစိုးမြင့်လှိုင်၊ ဦးလှဝင်း၊ ဦးအောင်မာန်၊ ဒေါ်မြိုင်၊ ဦးအောင်ငွေ၊ ဦးစိုးမြင့်၊ ဦးသန်းဝင်းနှင့် ဦးစိန်သန်းတို့ အပါအဝင် ပါတီဝင် ၁၉ ဦးတို့သည် ဇူလိုင် ၂၈ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း၊ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဒေးဒရဲမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော ၎င်းတို့၏ နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များကြောင့် NLD ပါတီအပေါ် ထောက်ခံမှု၊ စိတ်ပါဝင်စားမှု မရှိတော့ကြောင်း၊ ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ်တွင်လည်း ယုံကြည်အားထားမှု မရှိတော့ကြောင်း၊ သို့အတွက် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၆–၈–၂၀၀၆ ရက်

(စနေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၀၅ ၆။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွေတံတား
- ၈း၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ International News
- ၈း၄၅ ၉။ Grammar Made Easy

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း–၁၃)
- ၁၃း၀၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၃း၂၅ ၈။ **"နှစ်မြွာနုတ်မိမယ်"** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ–အောင်ကျော်ကျော်)
- ၁၃း၄၅ ၉။ အဆိုပြိုင်ပွဲ
- ၁၃း၅၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄း၁၀ ၁၁။ ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမိုင်းရယ်ကြက်ဆူ
- ၁၄း၂၀ ၁၂။ **"အဲဒီမှာစတွေ့တာပဲ"** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၄း၂၅ ၁၃။ အကပြိုင်ပွဲ
- ၁၄း၃၅ ၁၄။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၁၄း၄၅ ၁၅။ International News

**ညပိုင်း**

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use
- ၁၆း၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) [အင်္ဂလိပ်စာ]
- ၁၇း၁၀ ၆။ **"စက်မှုတပ်ဆင် လုပ်ငန်းတွင်"** အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင် (ဒါရိုက်တာ–ဝင်းထွန်းထွန်း)
- ၁၇း၁၅ ၇။ နားဝင်ပီယံသူ့လက်သံ
- ၁၇း၂၅ ၈။ တေးဂီတအစီအစဉ်
- ၁၇း၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈း၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၂။ Discovery
- ၁၈း၅၀ ၁၃။ တေးဂီတအစီအစဉ်
- ၁၉း၀၀ ၁၄။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၅–၂၀ နှစ်) (အမျိုးသား)
- ၁၉း၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမာန်ဆောင်းရဲ့နေ့ရက်များ"** (အပိုင်း–၁)
- ၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း–၁၃)

**ကျောဖုံးမှ**

(ဂ) ၂၀-၆-၂၀၀၀ရက်နေ့ ၀၂၄၅အချိန်ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့ အမှတ်(၁) ရပ်ကွက်နေ ဦးသိန်းတန်(၅၁)နှစ်နှင့်ဇနီး ဒေါ်နန်းရွှေအုန်း(၄၈)နှစ်(ကျန်းမာရေးဆရာမ)တို့၏ နေအိမ်သို့ SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား၁၀ဦးခန့်ရောက်ရှိလာပြီး သေနတ်ဖြင့်ပစ်၊ ဓားဖြင့်ခုတ်ရာ ဦးသိန်းတန်နှင့် သားဖြစ်သူ ဇော်မင်းထက်တို့မှာ ဓားဒဏ်ရာများဖြင့် နေရာတွင်ပင်သေဆုံးခဲ့ပြီး ဒေါ်နန်းရွှေအုန်းမှာ သေနတ်ဒဏ်ရာများရရှိခဲ့သည်။

(ဃ) ၂-၉-၂၀၀၁ရက်နေ့ ၀၃၀၀အချိန်ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ဖိုင်ရွာသို့ SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူ လေးဦး လက်နက်ငယ်များ ကိုင်ဆောင်၍ ရောက်ရှိလာပြီး ယင်းကျေးရွာနေ ဦးလုံးညာ(၅၅)နှစ်၏ နေအိမ်သို့ဝင်ရောက်၍ နာရီသုံးလုံး၊ ရွှေနှစ်ကျပ်သားနှင့် ငွေသားအချို့အား ယူဆောင်၍ နေအိမ်အား မီးရှို့ခဲ့သည်။ ထို့နောက် ဦးလုံးညာအပါအဝင် မိသားစုဝင်ငါးဦးစလုံးအား တုတ်ဖြင့်ရိုက်နှက်ခဲ့ရာ ဦးလုံးညာပါ သုံးဦးမှာ သေဆုံးပြီး နှစ်ဦးမှာပြင်းထန်ဒဏ်ရာဖြင့် လဲချားဆေးရုံသို့ တင်ပို့ကုသခဲ့သည်။

(င) ၂၄-၃-၂၀၀၃ရက်နေ့ ၂၁၃၀အချိန်ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ လွိုင်ကုံကျေးရွာအနီး ဂူကျောင်းသို့ SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူငါးဦးရောက်ရှိလာပြီး ယင်းကျောင်းတွင် သီတင်းသုံးနေသည့် ဦးပဥ္ဇင်း ဦးပဏ္ဍိတ(၆၆)နှစ်(၈)ဝါနှင့် ကိုရင်ကြီး ဦးတေဇ(၂၆)နှစ်တို့အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်သဖြင့် ဦးပဏ္ဍိတသည် သေနတ်ဒဏ်ရာဖြင့် နေရာတွင်ပင် ပျံလွန်တော်မူခဲ့သည်။ ကိုရင်ကြီး ဦးတေဇမှာ ညာဘက်လက်ဖျံနှင့် ပခုံးတို့တွင် ပြင်းထန်ဒဏ်ရာများရရှိခဲ့သည်။

(စ) ၄-၄-၂၀၀၃ရက်နေ့ ၂၂၀၅အချိန်ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ပေါ့ဟိုင်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကန္ဒ(၄၃)နှစ်သည် ဇနီးဖြစ်သူနှင့်အတူ နေအိမ်ဈေးဆိုင်အတွင်း ထမင်းစားသောက်နေစဉ် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူတစ်ဦး ရောက်ရှိလာပြီး ဦးကန္ဒအား အကြောင်းမဲ့သေနတ်ဖြင့် သုံးချက်ပစ်ခတ်သတ်ဖြတ်ပြီး ဦးခေါင်းကိုဖြတ်၍ ယူဆောင်သွားခဲ့သည်။

(ဆ) ၂၂-၅-၂၀၀၃ရက်နေ့ ၀၇၂၀အချိန်ခန့်တွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးမှ ဆီသယ်ယာဉ် ကိုးစီးသည် တာချီလိတ်မှ ကျိုင်းတုံသို့ ထွက်ခွာလာစဉ် တာချီလိတ်မြို့နယ် တောင်သုံးလုံးနေရာအရောက်တွင် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူ အင်အား ၂၀ခန့်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သည်။ ပစ်ခတ်မှုကြောင့် ဆီသယ်ယာဉ် ၈ျ/၅၇၄၆နှင့် ယာဉ်မောင်းအုန်းမြင့်တို့ ချောက်ထဲကျပြီး ယာဉ်အမှတ် ၈ျ/၅၄၅၇ယာဉ်မှာတိမ်းမှောက်ခဲ့သည်။ ယာဉ်အမှတ် ၈ျ/၄၁၁၀၊ထ/၉၇၅၄၊ထ/၆၃၂၁တို့မှာ မီးလောင်ပြီး ယာဉ်မောင်း မောင်ဝင်းသေဆုံးခဲ့သည်။ ယာဉ်အမှတ် ၈ျ/၅၇၅၀ မှာလည်း တောင်နံရံနှင့်တိုက်မိပြီး ယာဉ်မောင်း ဦးကျော်စံလှမှာ လက်နက်ငယ်ထိမှန်သေဆုံးခဲ့သည်။



SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ၂၀၀၅ခုနှစ် ဇွန်လအတွင်း ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး ၄-၃-၂၀၀၆ရက်နေ့တွင် ပြန်လည်ရောက်ရှိလာသော ပအိုဝ်းလူငယ် ၁၄ဦး၏မှတ်တမ်းပုံ။





၂၆-၃-၂၀၀၅ရက်နေ့တွင် SSA-S ရှက်ဆစ် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုန်းမြို့နယ် ကျေးရွာများ၏ မှတ်တမ်းပုံများ။

(ဇ) ၂၈-၁၂-၂၀၀၅ရက်နေ့ ၁၁၁၅အချိန်ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းတုံမြို့နယ် မိုင်းဟန်ရွာနေ ရန်ဝေဟန်(ပြည်သူ့စစ်ခေါင်းဆောင်)သည် တစ်ရွာတည်းနေ သူငယ်ချင်းဖြစ်သူ ချင်းလီထံသို့ ဖဲဗေဒင်မေးရန် သွားရောက်စဉ် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လက်နက်ငယ်ဖြင့် သုံးချက်ပစ်ခတ်ခဲ့ရာ နေရာတွင်ပင် သေဆုံးခဲ့သည်။

(ဈ) ၂၈-၅-၂၀၀၆ရက်နေ့တွင် သီပေါမြို့နယ် မန်ကျောင်းရွာသို့ ဆံပင်ဝယ်ရန်ရောက်ရှိလာသော မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်မှ မသင်းသင်းခိုင်နှင့် မချောစုတို့နှစ်ဦးအား SSA-S ရှက်ဆစ်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ဖမ်းဆီးသွားပြီး ရွာ၏အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ၌ သတ်ဖြတ်ခဲ့သည်။ ယင်းဖြစ်စဉ်တွင် ပါဝင်ကျူးလွန်ခဲ့ကြသည့် အိုက်ပန်၊ စိန်လု၊ အိုက်လိတ်၊ အိုက်လုံတို့အား ဖမ်းဆီးရမိခဲ့ပြီး စိုင်းခေါင်မှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ စိုင်းခေါင်သည် အမျိုးသမီးနှစ်ဦးထံမှ နားကပ်၊ လက်စွပ်နှင့် ငွေကျပ် ၁၀၀၀၀ ကျော်ကို ယူဆောင်ကာ အိုက်ပန်အား တုတ်ဖြင့်ရိုက်သတ်စေ၍ အလောင်းများကို ချောင်းအတွင်းဆွဲချ မြေမြှုပ်ဖျောက်ဖျက်ခဲ့သည်။

၃။ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် အထက်ဖော်ပြပါ အကြမ်းဖက်သတ်ဖြတ်မှုများအပြင် ပြည်သူများ၏အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများ ထိခိုက်သေကျေ ပျက်စီးစေရန်နှင့် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့စေရန် မိုင်းထောင်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းတို့ကို ကြိမ်ဖန်များစွာ ဆောင်ရွက်ခဲ့ရာ ဖြစ်စဉ်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ၁၃-၇-၂၀၀၂ရက်နေ့ ၁၇၀၀အချိန်ခန့်က ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းတုံမြို့နယ် မဲကင်ရွာအနီး ကားလမ်းမပေါ်တွင် အောင်မြတ်(၃၉)နှစ်သည် လက်တွန်းထွန်စက်အားမောင်းနှင်လာစဉ် SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့်မိုင်းအား နင်းမိပေါက်ကွဲသဖြင့် လက်တွန်းထွန်စက် ပျက်စီးပြီး အောင်မြတ်၏ခန္ဓာကိုယ်တွင် ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သည်။

(ခ) ၂၆-၃-၂၀၀၅ရက်နေ့တွင် ချင်းဝိနှင့်စိုင်းချစ် ခေါင်းဆောင်သည့် SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ဟိုပုန်းမြို့နယ် နောင်ဒေးကျေးရွာအုပ်စုနှင့် မောက်မွန်းကျေးရွာအုပ်စုများရှိ ထီတခု၊ နောင်ဒေး၊ မောက်လွစ်၊ ကုန်းမုန်း၊ ပါမိုင်းရွာများမှ အိမ်ခြေ၉၈လုံးအား လူမဆန်စွာ မီးရှို့လုယက်ဖျက်ဆီးခဲ့သဖြင့် ရွာသူရွာသား ၄၄၆ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ထီတခုရွာမှ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း မီးရှို့ခံရပြီး စုစုပေါင်းကာလတန်ဖိုးကျပ် ၁၇၇၂၃၀၀၀၀ (ကျပ်သိန်းပေါင်း တစ်ထောင်ခုနစ်ရာခုနစ်ဆယ့်နှစ်သိန်းကျော်)ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

(ဂ) ၂၄-၅-၂၀၀၅ရက်နေ့ ၁၁၃၀အချိန်ခန့်တွင် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့မှ အင်အား၂၀ခန့်သည် ကွန်ဟိန်းမြို့နယ် ဆိုက်ခေါင်ကျေးရွာသို့ ဝင်ရောက်ကာ ရွာသား ၁၀ဦးခန့်အား အဓမ္မဖမ်းဆီးခေါ်ဆောင်၍ ကျိုင်းခမ်းရွာဘက်သို့ ထွက်ခွာသွားခဲ့သည်။ ၎င်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် ဝမ်လောရွာသို့ ၂၆-၅-၂၀၀၅ရက်နေ့ ၂၃၀၀အချိန်ခန့် ထပ်မံဝင်ရောက်ပြီး တစ်အိမ်လျှင် ရွာသားတစ်ဦးစီအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

(ဃ) ၃၁-၅-၂၀၀၅ရက်နေ့ ၁၆၀၀အချိန်ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်မြို့တစ်ဝိုက် တောင်ယာခုတ်နေသည့် အမှတ်(၅)ရပ်ကွက်နေ အိုက်မိန်း(၁၉)နှစ်ပါ ခြောက်ဦးတို့အား SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အင်အားခုနစ်ဦးမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခံရသူ ရွာသားခြောက်ဦးအနက် စိုင်းအောင်မိန်း၊ စိုင်းကျော်လင်းနှင့် အိုက်မိန်းတို့သည် ၁၄-၆-၂၀၀၅ရက်နေ့တွင် ပြန်လည်ထွက်ပြေး လွတ်မြောက်လာခဲ့သည်။ ဒေသခံပြည်သူများသည် သောင်းကျန်းသူအဖွဲ့အတွင်းသို့ မဝင်ရောက်လိုသဖြင့် ရှင်သာမဏေဝတ်ခဲ့ရာ ကျိုင်းတောင်မြို့တွင် ၈-၆-၂၀၀၅ရက်နေ့မှ ၂၅-၆-၂၀၀၅ရက်နေ့အထိ ရှင်သာမဏေ စုစုပေါင်း ၆၇ဦးရှိခဲ့သည်။

(င) ၂၀၀၅ခုနှစ် ဇွန်လအတွင်း SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အိုက်ဖန်ဦးစီး အင်အား၂၀ခန့်သည် မောက်မယ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ရွာသား ၄၀ခန့်အား ၎င်းတို့၏ဌာနချုပ် လွယ်တိုင်းလျှံသို့ လူသစ်အဖြစ်စုဆောင်းရန် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ရွာသား ၄၀အနက် မောက်မယ်မြို့နယ် မယ်စဲရွာမှ မောင်ညိုပါ ၁၄ဦးတို့မှာ ပအိုဝ်းလူမျိုးများဖြစ်သဖြင့် မယုံကြည်၍ ၁၄-၃-၂၀၀၆ရက်နေ့တွင် လွယ်တိုင်းလျှံမှ ပြန်လွှတ်ပေးခဲ့ရာ ၁၇-၃-၂၀၀၆ရက်နေ့တွင် ၎င်းတို့၏ကျေးရွာအသီးသီးသို့ ပြန်လည်ရောက်ရှိခဲ့သည်။

(စ) ၅-၅-၂၀၀၆ရက်နေ့တွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းရွာသို့ SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ဝင်ရောက်လာပြီး ရှမ်းတိုင်းရင်းသား ၁၆ဦးခန့်အား ၎င်းသောင်းကျန်းသူ အဖွဲ့သို့ လူသစ်အဖြစ်ဝင်ရောက်ရန် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခံရသူများတွင် မိုင်းတွမ်းကျေးရွာအုပ်စု မဟုန်ကန်ရွာမှ မူလတန်းပြဆရာနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဖြစ်သူ ထွန်းလှ ပါရှိသွားခဲ့သည်။

(ဆ) ၁၀-၅-၂၀၀၆ရက်နေ့ ၂၃၀၀အချိန်တွင် SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား၁၅ဦးခန့်သည် မိုင်းဆတ်မြို့နယ် မဟုန်ကန်ရွာနှင့်ဝမ်တုံရွာတို့မှ ဦးအမ်ခမ်း(၄၇)နှစ်(ဘ) ဦးစမ်ခမ်းပါ ရွာသား ၁၇ဦးအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

(ဇ) ၈-၇-၂၀၀၆ရက်နေ့ ၂၁၀၀အချိန်ခန့်တွင် SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ တပ်မဟာ(၇၅၉)မှ စိုင်းရွှေဦးစီးအင်အား ၁၅ဦးခန့်သည် ကွန်ဟိန်းမြို့နယ် ဝမ်ပန်ရွာသို့ ဝင်ရောက်ပြီး ဘုန်းတော်ကြီးကျောင်းတွင် အလှူပြုလုပ်နေသည့် စိုင်းကန်(၁၅)နှစ်(ဘ) ဦးနာလိမ်ပါ ဝမ်ပန်ရွာသား ၁၈ဦးအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

၄။ အထက်ပါ အကြမ်းဖက်မှုများကို ရှက်ဆစ်ဦးစီးသော ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌သော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြင်ပမှနေ၍သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း သက်သေခံအထောက်အထားများ ခိုင်လုံစွာ တွေ့ရှိရသည်။

၅။ သို့ပါ၍ ရှက်ဆစ်နှင့် ၎င်းဦးစီးသော ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S အကြမ်းဖက် သောင်းကျန်းသူအဖွဲ့နှင့် ယင်းအဖွဲ့ဝင်များသည် အကြမ်းဖက်သူများဖြစ်ကြောင်း ကြေညာလိုက်သည်။

**အမိန့်အရ-**

**ဗိုလ်ချုပ်မောင်ဦး**
**ဝန်ကြီး**
**ပြည်ထဲရေးဝန်ကြီးဌာန**

# ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့များ

**သတင်းဓာတ်ပုံ**
**အောင်ဝင်း(မျှော်မှန်း)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းကြောင်းအရ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ကိုယ်ပိုင်ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသောနိုင်ငံ ဖြစ်သည်။

**မြန်မာတို့သည် ရှေးနှစ်ပေါင်း များစွာကပင် ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်စာပေနှင့် သီးခြားရပ်တည်နေထိုင်ခဲ့သော လူမျိုးဖြစ်သည်။ အရှေ့တောင်အာရှတွင် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသော လူမျိုးတစ်မျိုးဖြစ်သည်။**

မြန်မာ့လူမှု အသိုင်းအဝိုင်းသည် အသက်ထက် အရှက်ကို တန်ဖိုးထားသည့်အပြင် အရှက်ထက် ဂုဏ်သိက္ခာကို ပို၍တန်ဖိုးထားကြသည်။

လူ့ဘောင်လောက နေထိုင်ကြသည့် လူသားအားလုံးယဉ်ကျေးသိမ်မွေ့လာအောင်၊ လူသားအချင်းချင်း တစ်ဦးပေါ်တစ်ဦး ကိုယ်ချင်းစာနာထောက်ထားကြင်နာတတ်အောင် စည်းရုံးသိမ်းသွင်းနိုင်သော အရာသည်ကား မေတ္တာတရားပင် ဖြစ်ပါသည်။

**မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့သည် သမိုင်းစဉ်ဆက်အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ခဲ့ကြသည်။ မြန်မာလူမျိုးတို့၏ မူလဗီဇ စရိုက်လက္ခဏာများမှာ သတ္တိရှိသည်၊ ဖွဲ့နပဲကြီးသည်၊ စိတ်ရှည်သည်းခံ၍ ခွင့်လွှတ်တတ်သည်၊ စိတ်ဆိုးတတ်သော်လည်း ကျေအေးတတ်သည်။ အငြိုးကြီးပြီး အာဃာတ ထားတတ်သူများလည်း မဟုတ်သည့်အပြင် လက်စားချေတတ်သူများလည်း မဟုတ်ကြပါ။ အညာလွယ်သူများလည်း မဟုတ်ကြသကဲ့သို့ အမျိုးကို စောင့်ရှောက်တတ်ကြောင်းနှင့် ကိုယ့်လူမျိုးကိုယ် ချစ်တတ်သည့် မွန်မြတ်ကောင်းမွန်သော ဓလေ့စရိုက်များရှိကြောင်း လေ့လာမှတ်သားခဲ့ရသည်။**

> **မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးဘိုးဘွားများအား ခြေသည်း လက်သည်း ညှပ်ပေးကြစဉ်။**



မွန်မြတ်ကောင်းမွန်သည့် ဓလေ့စရိုက်များ မပျောက်ပျက်အောင် မြန်မာ့လူနေမှုဓလေ့စရိုက်များက ထိန်းကျောင်းပေးလျက်ရှိနေသည်။ မြန်မာလူမျိုးတို့တွင် ၁၂ လရာသီပွဲတော်များရှိ၏။ ယင်းပွဲတော်များကို နယ်မြေဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြသည်။ ၎င်းပွဲတော်များအပြင် ဒေသအလိုက် ရိုးရာပွဲတော်များလည်း ရှိကြသေး၏။ ထိုပွဲတော်များ၏ အနှစ်ချုပ်ကား ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာတော်များ ထွန်းကားတည်တံ့ပြန့်ပွားရေးအတွက် ဗုဒ္ဓပူဇနိယပွဲတော်များနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာများ မပျောက်ပျက်စေရေးအတွက် လက်ဆင့်ကမ်း ထိန်းသိမ်းနေသည့်ပွဲတော်များပင် ဖြစ်ချေသည်။

မျက်မှောက်ကာလတွင် လူမှုရေး ဦးတည်ချက် (၄)ရပ် ချမှတ်ထားရှိပြီး အဆိုပါ ဦးတည်ချက်များကို ဖော်ဆောင်ရာ၌ နယ်မြေဒေသအလိုက် ပွဲတော်များ၊ ပြိုင်ပွဲများနှင့် သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နေသကဲ့သို့ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းတို့မှ ကာကွယ်တားဆီးရေး ဟူသည့် ရည်ရွယ်ချက်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပပေးလျက် ရှိနေပေသည်။

နှစ်စဉ် စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းရက်များတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို အကြောင်းပြု၍ မြန်မာ့လူနေမှု စရိုက် လက္ခဏာ ယဉ်ကျေးမှုများကို ဖော်ညွှန်းသည့် သတင်း၊ ဓာတ်ပုံ၊ ဆောင်းပါးများ ဖတ်ရှုကြရသည်။

**မြန်မာတို့သည် ရှေးအစဉ်အဆက်မှစ၍ ယနေ့အထိ ကြီးသူကိုရိုသေ၊ ရွယ်သူကိုလေးစား၍ ငယ်သူကို သနားတတ်သည့် မွန်မြတ်ကောင်းမွန်သော စရိုက်လက္ခဏာများကို သမိုင်းစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိကြသည်။**

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ မြန်မာ့နှစ်သစ်ကူးနေ့ဖြစ်သည့် နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲများ ကျင်းပကြပြီး အဘိုး၊ အဘွားများကို ငွေ၊ ပစ္စည်းများဖြင့် လှူဒါန်းကြသည်။ ထို့အပြင် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်းစသည်တို့ကို ဂါရဝပြုဆောင်ရွက်လျက်ရှိကြသည်။

သီတင်းကျွတ် လပြည့်နေ့ ကဲ့သို့သော နေ့ကြီးရက်ကြီးများတွင်လည်း အမိ၊ အဖ၊ အဘိုး၊ အဘွားများကို သား သမီးများက ပူဇော်ကန်တော့လေ့ရှိကြသည်။ မြန်မာတို့၏ မွန်မြတ်ကောင်းမွန်သော စရိုက်လက္ခဏာများ လက်ဆင့်ကမ်းထိန်းသိမ်းဆောင်



**အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ကိုယ်ပိုင်ယဉ်ကျေးမှု သွင်ပြင်အလှအပအကကို ဤသို့ ခံစားနိုင်သည်။**

ရွက်နိုင်ရေးတို့အတွက် လူမှုဝန်ထမ်းဦးစီးဌာနသည် သက်ကြီးရွယ်အို ဘိုးဘွား စောင့်ရှောက်ရေးလုပ်ငန်းကို လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ဘိုးဘွားရိပ်သာများ၏ လုပ်ငန်းများကို ကြီးကြပ်ကူညီပေးခြင်း၊ ကျွမ်းကျင်မှု အကူအညီပေးခြင်း၊ ဆန်ထောက်ပံ့ခြင်း၊ ဘိုးဘွားများ၏ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးများ၏လစာများနှစ်စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ရှေးနှစ်ပေါင်းရှည်ကြာစွာ တည်ရှိခဲ့သည့် မိမိတို့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများတွင် မိဘဝတ်၊ ဆရာ့ဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ်၊ လင့်ဝတ်၊ မယားဝတ်၊ မိတ်ဆွေဝတ်စသည့် ကြီးသူ၊ ငယ်သူအားလုံး လိုက်နာကျင့်သုံးရမည့် လူမှုကျင့်ဝတ်များ ရှိနေသည်။ ထို့အပြင် ပူဇာစပူဇနေယျာနံ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊ ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊ ရိုသေထိုက်သူကို ရိုသေခြင်းစသည့် လိုက်နာရမည့် ၃၈ ဖြာမင်္ဂလာတရားတော်များလည်း ရှိသည်။ လူ့လောက၏ ကောင်းကျိုးချမ်းသာကို ဖော်ဆောင်နိုင်သည့်မင်္ဂလာကျင့်ဝတ်များအဖြစ် မြန်မာတို့၏ မြတ်နိုးဖွယ်ရာ ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့များပင် ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို လူမှုရေး ဦးတည်ချက်များတွင် ထည့်သွင်းချမှတ် ဆောင်ရွက်လျက်ရှိရာ **မြတ်နိုးဖွယ်ရာယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့များကို အလေးထား လိုက်နာဆောင်ရွက်**ကြရေးနှင့် မြန်မာပီပီ မြန်မာ့မူဟန်များကို ခံ့မင်မြတ်နိုးစွာ လက်ဆင့်ကမ်း ထိန်းသိမ်း စောင့်ရှောက်သွားနိုင်ရေး တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> **မြန်မာတို့သည် ရှေးအစဉ်အဆက်မှ စ၍ ယနေ့အထိ ကြီးသူကို ရိုသေ၊ ရွယ်သူကို လေးစား၍ ငယ်သူကို သနားတတ်သည့် မွန်မြတ်ကောင်းမွန်သော စရိုက်လက္ခဏာများကို သမိုင်းစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ။ မြတ်နိုးဖွယ်ရာ ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့များကို အလေးထား လိုက်နာဆောင်ရွက်။**

---

# မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့

## ကျန်းမာရေးပညာပေးဟောပြော၊ အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၂၅**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၅ ရက်နံနက် ၈ နာရီက ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ ကျန်းမာရေးပညာပေးဟောပြောပွဲသို့ တက်ရောက်အားပေးသည်။

**ပညာပေးဟောပြော**

အစီအစဉ်အရ ရှေးဦးစွာ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုးကအမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာတင်ဝင်းကျော်က ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ပညာပေးဟောပြောသည်။

**ပေးအပ်**

ဆက်လက်၍ ပြည်နယ်ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက ရေးမြို့နယ်အတွက် အလှူငွေကျပ် တစ်သိန်းကိုပေးအပ်ရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မိုမိုထွန်းက လက်ခံရယူသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဇနီး အဖွဲ့ဝင်များသည် ရေးမြို့နယ် ရန်ကြီးအောင်ရပ်ကွက်၌ ရေတွင်းရေကန်များအတွင်း သန့်ရှင်းရေးဆောင်ရွက်၍ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့များကိုလည်းကောင်း၊ အောင်မေတ္တာ၊ အောင်သုခရပ်ကွက်များတွင် ချုံနွယ်များခုတ်ထွင်ရှင်းလင်း သန့်ရှင်းရေးဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တိုင်းမှူးနှင့်ဇနီး အဖွဲ့ဝင်များသည် ရေးမြို့နယ် သီရိရတနာကျောင်းတိုက်သို့သွားရောက်၍ ဆရာတော်ဘဒ္ဒန္တ ကောဝိဒအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်၌ ကျောင်းပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၂၀ တို့အား စာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထိုမှတစ်ဆင့် တိုင်းမှူးသည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းကို ဆက်သွယ်နေသည့် ရေးမြို့နယ်မှ ၁၂မိုင် နှင့် ၁၈မိုင်ကြား၌ လမ်းနှင့်တံတားများ ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မော်လမြိုင်ခရိုင် ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာမှူးဦးသောင်းမြင့်ထွန်းက လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပေးအပ်လှူဒါန်း**

ယင်းအချိန်တွင် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များသည် ရေးမြို့နယ် အစင်စံပြကျေးရွာသားဖွားခန်းနှင့် ဓီးဖြူသောင်စံပြကျေးရွာ သားဖွားခန်းများသို့လည်းကောင်း၊ ဒူးယား တိုက်နယ်ဆေးရုံသို့လည်းကောင်း လှည့်လည်သွားရောက်၍ ကိုယ်ဝန်ဆောင်နှင့် မွေးလူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီး အဖွဲ့ဝင်များသည်ရေးမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဇနီး အဖွဲ့ဝင်များသည် လမိုင်းမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ကေလာသစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ဘက်စုံ မွမ်းမံတည်ဆောက်ရေးအလှည့်ကျဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးစေတီတော်ဂေါပကအဖွဲ့သို့အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး ကန့်ဘလူမြို့ မြို့မဈေးသစ် အပိုင်း(၂)ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**
(သတင်းစဉ်)

# ကန့်ဘလူမြို့ မြို့မဈေးသစ် အပိုင်း(၂)ဖွင့်ပွဲကျင်းပ ရွှေဘိုဒိဂရီကောလိပ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး





နေပြည်တော် ဩဂုတ် ၂၅

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၃ရက် မွန်းလွဲပိုင်းက အင်းတော်ဘူတာမှ ရွှေဘိုဘူတာအထိ သံလမ်းပြေးကားရထားဖြင့် ရထားလမ်း ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ လမ်းပြင်လုပ်သားများအား ထောက်ပံ့ငွေများပေးအပ်၍ ရထားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ မိုးစပါးစိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

## ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးသည် ကန့်ဘလူမြို့ မြို့မဈေးသစ်အပိုင်း(၂) ဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ ဈေးကော်မတီဥက္ကဋ္ဌက ကန့်ဘလူမြို့ မြို့မဈေးသစ် တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းနှင့် မြို့မဈေးသစ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌတို့က မြို့မဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဈေးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ မြို့မဈေးသစ်အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ကန့်ဘလူမြို့မဈေးတွင် အပိုင်းသုံးပိုင်းရှိပြီး အပိုင်း(၁)တွင် ပါဝင်သည့် ဈေးရုံများကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအပိုင်း(၂)တွင် ပါဝင်သော ဈေးရုံများ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ဖွင့်လှစ်ရခြင်းဖြစ်သည်။ အပိုင်း(၃)တွင် ပါဝင်သော ဈေးရုံများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်လျက်ရှိသည်။

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရွှေဘို–မြစ်ကြီးနားလမ်းမှ ကန့်ဘလူမြို့အဝင်ရှိ လွတ်လပ်ရေးကျောက်တိုင်နေရာသို့ သွားရောက်၍ ကန့်ဘလူမြို့နယ်ဌာနပေါင်းစုံ ခြံစည်းရိုးကြက်ဆူစုပေါင်းပျိုးဥယျာဉ်ကိုကြည့်ရှုစစ်ဆေးပြီး လွတ်လပ်ရေးကျောက်တိုင်အနီး၌ တိုင်းမှူးနှင့် တာဝန်ရှိသူများက သစ်ပင်ပျိုးပင်များအမှတ်တရ စိုက်ပျိုးပေးကြသည်။

## မိုးရာသီသစ်ပင်စိုက်ပွဲတော်

ဩဂုတ် ၁၄ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့်အတူ ရွှေဘိုမြို့ ရွှေဘိုဒီဂရီကောလိပ်၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ် နေရာများတွင် ခရေ၊ ကံ့ကော်၊ ပိတောက်၊ တမာ၊ မဲဇလီ၊ ယူကလစ်၊ စိန်ပန်းစုစုပေါင်း သစ်ပင်ပျိုးပင် ၅၀၀၀ ကို တပျော်တပါး စိုက်ပျိုးကြသည်။

ထို့နောက် တိုင်းမှူးသည် ရွှေဘိုမြို့ မဟာနန္ဒာကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဆီဆုံလမ်း အမှတ် ၃၈နေ ဆရာမကြီးဒေါ်အေးအေးက (၆၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၃၃၀၀၀၀ ကို တိပိ ဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။**
(က–ပ)

# စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်



**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၇)ရပ်ကွက် ရွှေနံ့သာလမ်း အမှတ် ၆၄၆နေ ဦးသန်းဖေ – ဒေါ်မြလှိုင် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာ ရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း (ကိုယ်စား) အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်မိုးပွင့်ဖြူတို့က လက်ခံယူစဉ်။**
(က–ပ)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ တောင့်တင်းခိုင်မာသည့်အဖွဲ့အစည်းဖြစ်ရေးကြိုးပမ်း ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်

ရန်ကုန် ဩဂုတ် ၂၅

**ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်နယ်နိမိတ်အတွင်း)၏ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ၁နာရီက ရန်ကုန်မြို့တော်ခန်းမ ပထမအထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄)ခေါင်းဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ အမှာစကားပြောကြားသည်။**

## ကျေပွန်စွာဆောင်ရွက်

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ခေါင်းဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက မိမိတို့၏ စစ်မှုထမ်းဟောင်းအဖွဲ့ကို စွမ်းရည်ထက်မြက်ပြီး အင်အားတောင့်တင်းခိုင်မာသည့်အဖွဲ့အစည်းဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ၂၀၀၅ခုနှစ် စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်ကြီး(၅)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့ ကျရာတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်နယ်နိမိတ်အတွင်း)ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ရန်ကုန်တိုင်း၊ ခရိုင်နှင့်မြို့နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်း အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များက မိမိတို့သက်ဆိုင်ရာ ခရိုင်များအလိုက် အမျိုးသားနိုင်ငံရေးရာလုပ်ငန်း၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်း၊ စီးပွားရေး၊ လူမှုရေးနှင့် သက်သာချောင်ချိရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ထောက်ပံ့ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး လုပ်ငန်းအဖွဲ့(၁၄)ခေါင်းဆောင် ဒုတိယမြို့တော်ဝန်က ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့တို့သို့ စစ်မှုထမ်းဟောင်းလုံချည်အထည် ၂၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန် အနောက်ပိုင်းခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့တို့သို့ စစ်မှုထမ်းဟောင်းလုံချည် အထည် ၃၀တို့ကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက လက်ခံကြသည်။
**(သတင်းစဉ်)**

## ● ကျောဖုံးမှ

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့အား အဆိုပါစခန်း၌ ဂျိတ်လဲန်းကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးနန်းစိန်းဖန်ဝါက မြစ်ကြီးနား–ဆွမ်ပရာဘွမ်လမ်း၌ ဂျိတ်လဲန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းတွင် လမ်းသားတာပေါင်ပေ၃၀အကျယ်ရအောင် ဆောင်ရွက်ထားရှိခြင်းလုပ်ငန်း၊ ခြောက်လက်မထုခွဲ ကျောက်အခြေခံလွှာခင်းကြိတ်ခြင်းလုပ်ငန်း၊ ကတ္တရာလမ်းဆောင်ရွက် ထားရှိမှုနှင့်တံတားများ၊ ရေပြွန်များလုပ်ကိုင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## မှာကြား

ဆက်လက်၍ ဂျိတ်လဲန်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးယွတ်ဇော်ခေါင်က လုပ်ငန်းရှင်များနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က လမ်းလုပ်ငန်းများ အပိုင်းလိုက်တာဝန်ယူ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လမ်းအပိုင်းလိုက်လုပ်ငန်းများသတ်မှတ်ချိန်မီ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက ဆောင်ရွက်ရသည့် လုပ်ငန်းပမာဏ ကြီးမားသည်နှင့်အမျှ စက်ယာဉ်ယန္တရားများနှင့် အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများ ပျက်စီးမှုနည်းအောင် ရေလမ်းကြောင်းများ၊ ရေနုတ်မြောင်းများကောင်းမွန်အောင် အဓိကဆောင်ရွက်၍ လိုအပ်သည့်နေရာများ၌ ရေထုတ်ပြွန်နှင့် တံတားငယ်များ ဖြည့်စွက် လုပ်ဆောင်ကြရန် လိုကြောင်း၊ ရာသီမရွေး သွားလာနိုင်အောင် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်ကြရန် မှာကြားကာ ဆွမ်ပရာဘွမ်သို့ ဆက်လက်ထွက်ခွာပြီး လမ်းတစ်လျှောက် လမ်း၊ တံတားများ၊ လမ်းအခြေအနေနှင့်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ကိုးဘွဲ့ရဆရာတော် တော်သလင်းလ ဓမ္မသဘင်

**ရန်ကုန် ဩဂုတ် ၂၅**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် တော်သလင်းလဆန်း ၄ရက်နှင့် ၅ရက်တို့တွင် မိတ္ထီလာမြို့ မြို့လယ် သာသနာ့ဗိမာန်တော်ကြီး တရားပွဲ၊ ၈ရက် ညနေ ၃ နာရီနှင့် ည ၈နာရီတို့တွင် ရွှေဘိုမြို့ ရွှေတန်ဆာမြတ်စွာဘုရား ဥပုသ်ပွဲနှစ်ပွဲ၊ ၁၂ရက် နှင့် ၁၃ရက်တို့တွင် ရွှေဘိုမြို့ အောင်ချမ်းသာရပ်ကွက် အောင်ချမ်းသာကျောင်းတရားပွဲ၊ ၁၄ရက် ည ၈နာရီတွင် ရွှေဘိုမြို့ ချမ်းသာကြီး မြောက်တိုက် ပွင့်လန်းဓမ္မာရုံ၊ လပြည့်နေ့ ညနေ၃နာရီနှင့် ည၈နာရီတို့တွင် ရွှေဘိုမြို့ ရွှေတန်ဆာဘုရား ဥပုသ်ပွဲနှစ်ပွဲ၊ တော်သလင်းလပြည့်ကျော် ၃ရက်ညတွင် စစ်ကိုင်းမြို့ ထူပါရုံဘုရားပွဲ၊ လပြည့်ကျော် ၅ရက်နှင့် ၆ရက်တို့တွင် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရွှေစည်းခုံတောရကျောင်း ဓမ္မာရုံ၊ လပြည့်ကျော်၈ရက်နှင့်၉ရက် ည၈နာရီတို့တွင် ရွှေဘိုမြို့ ရွှေတန်ဆာဘုရားညပွဲနှစ်ပွဲ၊ လပြည့်ကျော်၁၄ရက်တွင် ရွှေဘိုမြို့ ရန်အောင်မင်္ဂလာကျောင်းတိုက်တရားပွဲ၊ လကွယ်နေ့တွင် မန္တလေးမြို့ မျက်ပါးရပ် ဆီးဘန်းနီ ကျောင်းတိုက် သိန်းမမ အုတ်ကျောင်းတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော် ဖုန်း–၀၇၂–၂၂၁၇၀နှင့် ၀၉၅–၃၃၀၈၉၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

# ကမ္ဘာတစ်လွှား အားကစား

## ဝက်ဖို့ဒ်နှင့် မန်ယူ၊ မန်စီးတီးနှင့် အာဆင်နယ်တို့ ဆုံတွေ့မည့် ပရီမီယာလိဂ် ပွဲစဉ်(၃) ယနေ့ နွှဲကြမည်

လန်ဒန် ဩဂုတ် ၂၅

**ပရီမီယာလိဂ် ပွဲစဉ်(၃)ကို ဩဂုတ် ၂၆ ရက် (ယနေ့)တွင် ကစားမည်ဖြစ်ရာ မန်စီးတီးနှင့် အာဆင်နယ်၊ ဝက်ဖို့ဒ်နှင့် မန်ယူ၊ လီဗာပူးနှင့် ဝက်စ်ဟမ်းတို့ အပါအဝင် ပွဲပေါင်း ခုနစ်ပွဲ ကစားမည် ဖြစ်သည်။**



ပြန်လည်ခြေစွမ်းပြလာသည့်မန်ယူတိုက်စစ်မှူးဆိုးလ်ရှား

### ဝက်ဖို့ဒ်နှင့် မန်ယူ

ဝက်ဖို့ဒ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ခြေတက်နေသောမန်ယူတို့ လူသစ်တန်းဝက်ဖို့ဒ်ကို အနိုင်ရမည်သာဖြစ်သည်။ ပရီမီယာလိဂ်၌ နှစ်ပွဲကစား ရှစ်ဂိုးသွင်းထားသည့် မန်ယူတိုက်စစ်မှူးများ၏ ဂိုးသွင်း စွမ်းရည်မှာ မြင့်မားနေရာ ဝက်ဖို့ဒ် နောက်တန်းထိန်းရန် မလွယ်ချေ။ မန်ယူတွင် ဆာဟာ၊ ဖလက်ချာနှင့် ဆိုးလ်ရှားတို့ ကလည်း ဂိုးများရအောင် သွင်းယူနေလျက်ရှိရာ ဝက်ဖို့ဒ်နှင့်ပွဲတွင် ဂိုးပြတ်မပြတ်သာ စောင့်ကြည့်ရမည်ဖြစ်သည်။

### မမျှော်မှန်းနိုင်

ဝက်ဖို့ဒ်သည် နောက်တန်းလုံအောင် ကစားတတ်သော အသင်းဖြစ်ရာ မန်ယူတိုက်စစ်မှူးများကို နိုင်အောင် ဟန့်တားမည်ဖြစ်သော်လည်း လူငယ်များဖြင့် ဖွဲ့စည်းထားသော မန်ယူတိုက်စစ်ကိုမူ ဟန့်တားရန် မလွယ်ချေ။ အိမ်ရှင်ဝက်ဖို့ဒ်တို့ မန်ယူကို သရေပွဲဖြစ်ရန်ပင် မမျှော်မှန်းနိုင်သည့် အနေအထား၌ ရှိနေသည်။

### မန်စီးတီးနှင့် အာဆင်နယ်

ပရီမီယာလိဂ်အဖွင့်ပွဲစဉ်၌ အက်စတွန်ဗီလာကို တစ်ဂိုးစီသရေကစားခဲ့သော အာဆင်နယ်တို့ မန်စီးတီးနှင့် ကြုံတွေ့ရခြင်းမှာ ပွဲကျပ် ဖြစ်နေသည်။ သို့သော် ပြီးခဲ့သည့်နှစ်၌ မန်စီးတီးနှင့် ကစားခဲ့ရာတွင် အာဆင်နယ်တို့က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရထားသောမှတ်တမ်းရှိနေသည်။

### ကြိုးစားရဖွယ်

အာဆင်နယ်၏ ယခုနှစ်ခြေစွမ်းမှာ အားရဖွယ်မရှိဖြစ်နေရာ လက်ရှိအနေအထားအရ အဝေးကွင်း၌ မန်စီးတီးကို အနိုင်ရရန် ခက်ခက်ခဲခဲ ကြိုးစားရဖွယ်ရှိနေသည်။ အွန်နရီအပြင် အာဆင်နယ်တွင် ဗန်ပါစီမှာ ခြေစွမ်းတက်လျက်ရှိနေပြီး ဂိုးသွင်းအားလည်း ကောင်းလာခြင်းက တိုက်စစ်အားနည်းနေသော အာဆင်နယ်အတွက် အားကိုးစရာဖြစ်နေသည်။

### အလေးသာ

ချယ်လ်ဆီးကို သုံးဂိုး–ဂိုးမရှိဖြင့်ရှုံးပြီး ပို့စ်မောက်ကို ဂိုးမရှိ သရေကျထားသော မန်စီးတီး၏ ခြေစွမ်းမှာလည်း အားရစရာ မရှိချေ။ နှစ်ပွဲကစားပြီးချိန် သွင်းဂိုး လုံးဝမရှိသေးသော မန်စီးတီး၏ တိုက်စစ်က အသက်မဲ့လွန်းလှသည်ဖြစ်ရာ အာဆင်နယ်တို့ အလေးသာဖွယ် ရှိနေသည်။

သုံးသပ်တင်ပြသူ

**မောင်မောင်မြင့်ဆွေ**

### လီဗာပူးနှင့် ဝက်စ်ဟမ်း

အတန်းတက် ရှက်ဖီးယူနိုက်တက်ကို တစ်ဂိုးစီ သရေပွဲဖြစ်အောင် ကစားခဲ့သော လီဗာပူးတို့ဖိအားပေးခံရမှုမှ ကင်းဝေးအောင် ယခုပွဲ ဝက်စ်ဟမ်းကို အနိုင်ကစားမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဝက်စ်ဟမ်းကို လီဗာပူးတို့ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူထားခဲ့သည်ဖြစ်ရာ နိုင်ပွဲ လိုအပ်နေသော လီဗာပူးတို့ အကြိတ်အနယ် ကြိုးစားတော့မည်ဖြစ်သည်။

### ကစားမည်

သို့သော် ချာလ်တန်ကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရအောင်ကစားထားသော ဝက်စ်ဟမ်း၏ ခြေစွမ်းမှာ ကောင်းလှသည်ဖြစ်ရာ လီဗာပူးတို့ ဝက်စ်ဟမ်းကို စိတ်ကြိုက်ကစားခွင့်ရမည် မဟုတ်ချေ။ လီဗာပူးတို့ကလည်း သရေနှင့်အရှုံးဟူသော ရလဒ်နှစ်မျိုးစလုံးကို လက်ခံတော့မည်မဟုတ်ရာ နိုင်ပွဲရအောင် အစွမ်းကုန် ကစားသွားမည်သာဖြစ်သည်။

### တော့တင်ဟမ်နှင့် အဲဗာတန်

တော့တင်ဟမ်တို့ အိမ်ကွင်းဖြစ်၍ အဲဗာတန်ကို အပေါ်စီးမှ ကစားမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဘောလုံးရာသီ၌ တော့တင်ဟမ်တို့ အိမ်ကွင်း၌ အဲဗာတန်ကို နှစ်ဂိုးပြတ်အနိုင်ရအောင် ကစားခဲ့ရာ ယခုနှစ်တွင်လည်း အဲဗာတန်ကို အနိုင်ရအောင်ကစားမည်ဖြစ်သည်။ ပရီမီယာလိဂ်၌ တော့တင်ဟမ်နှင့် အဲဗာတန်တို့ ခြေရည်တူကြသည်ဖြစ်ရာ အကြိတ်အနယ်ပွဲပင်ဖြစ်သည်။

### ဖူလ်ဟမ်နှင့် ရှက်ဖီးယူနိုက်တက်

နိုင်ပွဲမရသေးသော ဖူလ်ဟမ်တို့ ရှက်ဖီးကို အလွယ်တကူ အနိုင်မရနိုင်ချေ။ ဖူလ်ဟမ်၏ ခံစစ်ပိုင်းအားနည်းပြီး နားလည်မှုလွဲမှားနေမှုက ရှက်ဖီး တိုက်စစ်မှူးများ အကြိုက်တွေ့သွားနိုင်သည်။ ရှက်ဖီးသည် ရှေ့နောက်မျှသည့် အသင်းဖြစ်ရာ ဖူလ်ဟမ်တို့ လွယ်လွယ်ကူကူ ဖြတ်ကျော်၍ရမည် မဟုတ်ချေ။

ထိုနေ့တွင် ချာလ်တန်နှင့်ဘော်လ်တန်၊ ဝီဂန်နှင့် ရီဒင်းတို့လည်း သူတင်ကိုယ်တင် ခြေစွမ်းပြကြဖွယ်ရှိသည်။ **(အင်တာနက်)**



အာဆင်နယ်တိုက်စစ်မှူး အွန်နရီ၏ ကစားဟန်

## ချန်ပီယံလိဂ် အုပ်စုရှစ်စုခွဲဝေမှုထုတ်ပြန် လက်ရှိချန်ပီယံ ဘာစီလိုနာနှင့် ချယ်လ်ဆီး တစ်အုပ်စုတည်းကျ

လန်ဒန် ဩဂုတ် ၂၅

**၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်အုပ်စုများကို ဩဂုတ် ၂၄ ရက်က ခွဲလိုက်ပြီ ဖြစ်သည်။ လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းသည် ချယ်လ်ဆီးနှင့် တစ်အုပ်စုတည်းတွင် ကျခဲ့သည်။**

ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်အသင်းလေးသင်းချန်ပီယံလိဂ်အုပ်စုအဆင့်သို့ ဝင်ပြိုင်ခွင့်ရခဲ့သည်။ ပြိုင်ပွဲဝင် ၃၂သင်းကို လက်ရှိဥရောပအဆင့် သတ်မှတ်ချက်အရလေးအုပ်စု သတ်မှတ်ခဲ့သည်။ ယင်းလေးအုပ်စုကို အုပ်စု ရှစ် အုပ်စုအဖြစ် တစ်အုပ်စုလျှင် လေးသင်းနှုန်းဖြင့် ပြန်ခွဲလိုက်ရာ တစ်ဖက်ပါအတိုင်း တွေ့ရသည်။

**အုပ်စု(က)**

ဘာစီလိုနာ
ချယ်လ်ဆီး
ဝါဒါဘရီမင်
လီဗာစကီးဆိုဖီယာ။

**အုပ်စု(ခ)**

အင်တာမီလန်
ဘိုင်ယန်မြူးနစ်
စပို့တင်းလစ္စဘွန်း
စပါးတက်မော်စကို။

**အုပ်စု(ဂ)**

လီဗာပူး
ပီအက်စ်ဗွီအိုင့်ဟိုဗင်
ဘောဒီးရပ်စ်
ဂါလာတာစာရေး။

**အုပ်စု(ဃ)**

ဗလင်စီယာ
ရိုးမား
အိုလံပီယာကော့စ်
ရှက်တာဒိုးနက်စ်။

**အုပ်စု(င)**

ရီးရဲမက်ဒရစ်
လီယွန်
စတုအာဘူခါရက်
ဒီနာမိုကိယက်ဗ်။

**အုပ်စု(စ)**

မန်ချက်စတာယူနိုက်တက်
ဆဲလ်တစ်
ဘင်ဖီကာ
ကိုပင်ဟေဂင်။

**အုပ်စု(ဆ)**

အာဆင်နယ်
ပေါ်တို
စီအက်စ်ကေအေမော်စကို
ဟမ်းဘတ်။

**အုပ်စု(ဇ)**

အေစီမီလန်
လိုင်လီ
အေအီးကေအေသင်
အန်ဒါလက်ချ်။

**(အင်တာနက်)**



ချန်ပီယံလိဂ်ဆုဖလား

ရေးသားတင်ပြသူ

**မြင့်မောင်စိုး**

## အက်လက်တီကိုမက်ဒရစ် ရေးယက်စ်ကိုကမ်းလှမ်းထား

**လန်ဒန် ဩဂုတ် ၂၅**

အာဆင်နယ်၏ တောင်ပံကစားသမား ဂျို့စ်ရေးယက်စ်အား ခေါ်ယူစာချုပ်ရန် ကမ်းလှမ်းထားပြီဖြစ်ကြောင်း အက်လက်တီကိုမက်ဒရစ်က အတည်ပြုပြောကြားသည်။

အသက် ၂၂နှစ်ရှိ အဆိုပါ ကစားသမားသည် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန် ဆက်သွယ်ခဲ့သော်လည်း ပြောင်းရွှေ့ကြေး ညှိနှိုင်း၍ မရသဖြင့် အောင်မြင်မှု မရခဲ့ပေ။

မိမိတို့သည် အရေးကြီးသော ကမ်းလှမ်းချက်ကို ပြုလုပ်ထားပြီဖြစ်ကြောင်း၊ အာဆင်နယ်မှ သတင်းပြန်ကြားချက်ကို စောင့်နေကြောင်း အက်လက်တီကိုဥက္ကဋ္ဌအင်ရီကွဲစီရီရိုက ပြောကြားသည်။ **(အင်တာနက်)**

**အက်လက်တီကိုအသင်းမှ ကမ်းလှမ်းခြင်းခံရသော အာဆင်နယ်မှ ရေးယက်စ်။**



## မန်ယူအသင်းခေါင်းဆောင်ဟောင်းရွိုင်ကိန်း ဆန်းဒါးလန်းအသင်းလ/ထနည်းပြ ဖြစ်လာပြီ

လန်ဒန် ဩဂုတ် ၂၅

**မန်ချက်စတာယူနိုက်တက် အသင်းခေါင်းဆောင်ဟောင်း ရွိုင်ကိန်းသည် သောကြာနေ့ ဩဂုတ်၂၅ ရက်မှစ၍ ဆန်းဒါးလန်းအသင်း လက်ထောက်နည်းပြအသစ် ဖြစ်လာပြီ ဖြစ်ကြောင်း ၎င်းအသင်းက ထုတ်ဖော် ပြောကြားသည်။**





ဆန်းဒါးလန်း အသင်းဥက္ကဋ္ဌ နေးလ်ကွင်းနှင့် ရွိုင်ကိန်းတို့ အဆိုပါကိစ္စအတွက်ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းသည်ကစ်ဒ်နှင့်အတူ ဆန်းဒါးလန်းအသင်းလက်ထောက် နည်းပြဖြစ်လာမည်ဖြစ်ကြောင်း အဆိုပါ ကလပ်အသင်း၏ ကြေညာချက်၌ဖော်ပြသည်။

ရွိုင်ကိန်း

### ကြီးကြပ်မည်

ရွိုင်ကိန်းသည် ဩဂုတ် ၂၈ရက်တွင် ဝက်စ်ဘရွန်းနှင့် ကစားမည့် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကြီးကြပ်သူအဖြစ် ဆောင်ရွက်ဖွယ်ရှိသည်။

### လုပ်ကိုင်ခဲ့

ကစ်ဒ်သည် မန်ချက်စတာယူနိုက်တက်အသင်း လက်ထောက်နည်းပြအဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည်။

ကိန်းနှင့်ကစ်ဒ်တို့သည်အိုးထရက်ဖို့ဒ်၌အတူတကွ လုပ်ကိုင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

**မြို့ကွက်သစ်**

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

**အဆင့်မြင့်ဈေး**

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံ လွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းကို ရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသောငွေကြေးအင်အားရှိမှုအခြေအနေအား အောက်ပါဌာနများ၏ ထောက်ခံချက်နှင့်အတူ တင်ပြရမည်–

(၁) လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားနှင့် တူညီသည့် လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းပမာဏ အခြေအနေနှင့် ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက် (လုပ်ငန်း လိုင်စင်မိတ္တူတင်ပြရမည်)။

(၂) အထက်အပိုဒ်ခွဲငယ်(၁)ပါ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအတွက် ငွေကြေးလုံလောက်မှုအခြေအနေနှင့်ပတ်သက်၍ သက်ဆိုင်ရာဘဏ်၏ အာမခံချက်နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှုအထောက် အထား။

(ခ) လျှောက်ထားသူသည် ယခင်ကတည်းက လျှောက်ထားသည့် လုပ်ငန်းအမျိုး အစားအား စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့သူဖြစ်ပြီး ထိုလုပ်ငန်းကိုပင် ဆက်လက်တိုးချဲ့လုပ်ကိုင်ရန် ရည်ရွယ်ထားသူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

**ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ**

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ်ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

**စည်းကမ်းချက်များ**

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခု ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန် ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ်စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

**စုံစမ်းရန် ဖုန်းနံပါတ်များ။** ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊ ၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း(M.E.P.E)နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(Y.E.S.B) တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏ မီတာများကို တာဝန်ကျ မီတာစာရေးများက လစဉ် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

၁။ လ၏ ၁ရက်နေ့မှ ၅ရက်နေ့အတွင်း တာဝန်ကျ မီတာစာရေးများမှ ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။

၂။ လ၏ ၆ရက်နေ့မှ ၁၀ရက်နေ့အတွင်း ဓာတ်အားခ ငွေတောင်းခံလွှာများ ပြုလုပ်ပါမည်။

၃။ လ၏ ၁၁ရက်နေ့မှ ၁၅ရက်နေ့အတွင်း မီတာဖတ်စာရေးများမှ ကျသင့်ဓာတ်အားခ ငွေတောင်းခံလွှာများအား ထပ်မံလာရောက်ဝေပါမည်။

၄။ ဓာတ်အား သုံးစွဲသူများသည် ဓာတ်အားခငွေတောင်းခံလွှာများ စတင်ဝေသည့်ရက်မှစ၍ ငွေတောင်းခံလွှာတွင်ပါရှိသော နောက်ဆုံး ပေးဆောင်ရန် သတ်မှတ်ထားသည့်ရက်အတွင်း သက်ဆိုင်ရာမြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် အမြန်လာရောက်ပေးဆောင်ရပါမည်။

၅။ ဓာတ်အားခ ငွေတောင်းခံလွှာများ ငါးကြိမ်ဝေမည့်ရက်အလိုက်နှင့် ငွေစတင်ပေးဆောင်ရမည့်ရက်၊ နောက်ဆုံးပေးဆောင်ရမည့်ရက်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဓာတ်အားခငွေ တောင်းခံလွှာများဝေမည့်ရက် | တောင်းခံလွှာ ဝေမည့် ရာခိုင်နှုန်း | ငွေပေးဆောင်ရမည့်ကာလ | | ငွေသွင်းခွင့်ရ ရက်ပေါင်း |
|---|---|---|---|---|---|
| | | | စတင်ပေးဆောင်ရမည့်ရက် (မှ) | နောက်ဆုံးပေးဆောင်ရမည့်ရက် (ထိ) | |
| ၁။ | ၁၁-ရက် | ၁၆ % | ၁၁-ရက် | ၁၇-ရက် | ၇-ရက် |
| ၂။ | ၁၂-ရက် | ၁၈ % | ၁၂-ရက် | ၁၉-ရက် | ၈-ရက် |
| ၃။ | ၁၃-ရက် | ၂၀ % | ၁၃-ရက် | ၂၁-ရက် | ၉-ရက် |
| ၄။ | ၁၄-ရက် | ၂၂ % | ၁၄-ရက် | ၂၃-ရက် | ၁၀-ရက် |
| ၅။ | ၁၅-ရက် | ၂၄ % | ၁၅-ရက် | ၂၅-ရက် | ၁၁-ရက် |

၆။ ငွေသွင်းရန် သတ်မှတ်ထားသည့် ၁၁ရက်နေ့မှ ၂၅ရက်နေ့အတွင်း ငွေလက်ခံကောင်တာများကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီအတွင်း ဖွင့်ထားမည်ဖြစ်ပြီး ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။

၇။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများသည် ရုံးပိတ်ရက်များအပါအဝင် လ၏ ၁ရက်နေ့မှ ၅ရက်နေ့အတွင်း မီတာများ အလွယ်တကူ ဖတ်ရှုနိုင်ရေး၊ လ၏ ၁၁ရက်နေ့မှ ၁၅ရက်နေ့အတွင်း ငွေတောင်းခံလွှာများ လာရောက်ပေးဝေမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

၈။ အထက်ပါ ဆောင်ရွက်ချက်များကို ဩဂုတ်လသုံးစွဲသောမီတာအား စက်တင်ဘာလ ၁ရက်နေ့တွင် စတင်ဖတ်ခြင်းမှ ပြုလုပ်သွားမည်ဖြစ်ပြီး နောက်လစဉ်အထက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**





**ဆရာဒွေး အင်္ဂလိပ်စာသင်တန်း**

Ph: 286571, 09 51 72096




**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် ၂၆-ဘီလမ်း၊ ၈၇လမ်းထောင့် ဆိုင်းတန်းရပ် မန္တလေးနေ အလှူရှင် ဒေါ်သောင်းကြည်(ရတနာပုံထီဆိုင်)က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**စာမျက်နှာ ၃ မှ**

ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြိုင်ပွဲအတွက် ရန်ပုံငွေစုဆောင်းရရှိမှု၊ ပြိုင်ပွဲများ၏ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ သတင်း၊ ဓာတ်ပုံ၊ဗီဒီယို မှတ်တမ်းများနှင့် သတင်းထုတ်ပြန်ရေး ကိစ္စရပ်များ ဆောင်ရွက်ရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာ ကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး အပြီးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် နာယကများ၊ ဦးစီးကော်မတီဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဖွင့်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားများတွင် အသုံးပြုမည့် အခမ်းအနား နောက်ခံဒီဇိုင်းပုံစံများ၊ ပိုစတာများ၊ ပို့စကတ်များ၊ လက်ကမ်းစာစောင်များ၊ သတင်းလွှာများ၊ ဝေဿန္တရာဇာတ်တော်ကြီးနှင့်သဒ္ဒါသုမနရုပ်သေးဇာတ်များမှ ဇာတ်ဝင်ခန်းများ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားဖိတ်ကြားလွှာပုံစံများကို ကြည့်ရှုစစ်ဆေးကြသည်။**(သတင်းစဉ်)**


**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်ပိုင် ယာဉ်အမှတ် ၈က/၉၀၆၂ တိုရိုတာ၊ ကိုရိုလာကား၏ အခွန်စာရွက်အစိမ်း (အကျေ၊ ပုံစံ-၁)စာရွက်ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၈၀-၃၁၄၄၄။**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်၏ အခွန်ပုံစံ(၁)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဦးမင်းဦး**

**၁၂/အလန(နိုင်)၀၁၆၂၃၅**

**အမှတ်၃၅၊၃၆၊၃၇၊ မြခွာညို ၄လမ်း၊ စက်မှုလက်မှုရပ်ကွက်၊သာကေတမြို့နယ်။**

**ဂျူး**

**စောင့်နေမယ်လို့ မပြောလိုက်ဘူး**


## ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်တရားရေးဝန်ကြီး ပြန်လည်ထွက်ခွာ
## ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပို့ဆောင်နှုတ်ဆက်



**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ရောက်ရှိနေသော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီးချစ်ချိုင်းဗာနာဆာတီဒီယား ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့နံနက်၈နာရီက အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယား ခေါင်းဆောင်သည့်အဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဝဲပုံ)**

**ဂုဏ်ပြုညစာတည်ခင်း**

အဆိုပါ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်တရားရေးဝန်ကြီးခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက ယမန်နေ့ညပိုင်းက နေပြည်တော်ရှိ ရွှေ့ပြင်ရယ်ကမုဒြာဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မော်လမြိုင်မြို့ လှိုင်ရပ်ကွက်မီတာတပ်ဆင်ပေး
## ခွင့်ပြုချက်ရရှိပြီးသူများအားလျှပ်စစ်မီတာဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၂၅**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၆ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ လျှပ်စစ်မီးလင်းရေးကော်မတီက လှိုင်၊ အောက်ကျင်းနှင့် ကျိုက်ဖနဲရပ်ကွက်များမှ မီတာလျှောက်ထားသူများအား ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ခွင့်ပြုချက်ရရှိပြီးသူများအား လျှပ်စစ်မီတာများ ဖြန့်ဝေပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**နှုတ်ဆက်အားပေး**

ထို့နောက် တိုင်းမှူးသည် မီတာလျှောက်ထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး လှိုင်ရပ်ကွက်အတွင်း မီတာတပ်ဆင်သည့် အိမ်ထောင်စုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် တိုင်းမှူးသည် မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး လျှပ်စစ်မီးလင်းရေးကော်မတီက ရွှေမြိုင်သီရိ၊ သာယာအေးနှင့် ဇေယျာသီရိရပ်ကွက်များကိုကွင်းဆင်း၍ မီတာတပ်ဆင်ပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မီတာတပ်ဆင်မည့် အိမ်ထောင်စုများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

မွန်ပြည်နယ်အတွင်း ၂၀၀၅ခုနှစ်အထိ မီတာလျှောက်ထားသူများအား လျှပ်စစ်မီးလင်းရေးကော်မတီကစိစစ်၍ မီတာလုံးရေ၇၀၀၀ကျော်ကို တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သာယာဝတီခရိုင် ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်း တိုးတက်ရေးမွမ်းမံသင်တန်းဖွင့်

သာယာဝတီ ဩဂုတ် ၂၃

**သာယာဝတီခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းခွင် အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၆)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုး၊ သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်းနှင့် နတ်တလင်း မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများနှင့် သင်တန်းသား သင်တန်းသူ ၂၇ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် အောင်ဇေယျလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာတွင် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးမှုကို ဩဂုတ် ၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**ဇရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဩဂုတ် ၁၀ရက်က ဟင်္သာတမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်ကို ကြည့်ရှု စစ်ဆေးရာ အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က ရှင်းလင်းစဉ်။** (မြို့နယ်စည်ပင်)



## မြို့နယ်သတင်းများ

**မြောင်းမြခရိုင် လပွတ္တာမြို့သို့ မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်အဖွဲ့ ဩဂုတ် ၅ ရက်က လပွတ္တာမြို့ ဝါးခယ်မဆိပ် ရေမြောင်းအခြေအနေနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုစစ်ဆေးရာ လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)



# တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်

**ကော့သောင်း ဩဂုတ် ၁၇**

ကော့သောင်းခရိုင် ရဲတပ်ဖွဲ့ဝင် သားသမီးများမှ ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ခရိုင်ရဲတပ်ဖွဲ့ရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ ရဲတပ်ဖွဲ့ဝင်များနှင့် သားသမီးများ တက်ရောက်ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး မြင့်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ကျောင်းသူ၊ ကျောင်းသားများအား ခရိုင်ရဲတပ်ဖွဲ့မှူးမြင့်သိန်းက တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှင့် ဂုဏ်ထူးဆုရသူများအတွက် တစ်ဘာသာလျှင် ငွေကျပ်တစ်သောင်းတို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(၃၈၉)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ်**
**(တော်သလင်းလဆန်း ၅ ရက်)**
**၂၇-၈-၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၀:၀၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ-သိပ္ပံမှူးတင်)
- ၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (သဘာဝပတ်ဝန်းကျင် အသိပညာပေး ထိန်းသိမ်းရေး)
- ၁၁:၃၀ မေတို့တွက်တာအလှကမ္ဘာ (ပေါ့ပါးသွက်လက်လှလိုလျှင်)
- ၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ထာဝရအသည်း၏ ရုပ်ပုံလွှာ
  - (၂) ကမ္ဘာသစ်မရှိတဲ့အသည်း
  - (၃) စကားသစ္စာ
- ၁၂:၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (စိတ်ကောင်း စေတနာကောင်းထားက ကောင်းကျိုးခံစားရ)
- ၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ညောင်ညိုပင်လမ်းခွဲမှ)
- ၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (မန္တလေးမြို့မှ မြန်မာ့ရိုးရာကြေးသွန်းလုပ်ငန်း)

**ညနေပိုင်း**

- ၁၆:၁၀ မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိ
- ၁၇:၀၀ သူ့လက်သံ (မြန်မာ့အသံ မောင်ချမ်းသာရဲ့စောင်းလက်သံ)
- ၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့အငြိမ့်သဘင်နှင့် နယ်ချဲ့ဆန့်ကျင်ရေး-ချိုမာ-မဟာဝိဇ္ဇာ)
- ၁၇:၃၀ တေးသံရှင်အကြိုက် (လှမြင့်ဝင်း)
- ၁၈:၂၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ -အခြေခံပညာအဆင့်-(၁၀-၁၅) အမျိုးသား (ခေတ်ဟောင်း/ကာလပေါ်)
  - (၁) အမေ့ပါးက သနပ်ခါး (တွံတေးသိန်းတန်)
  - (၂) ဆုတောင်းပတ္တနာ (ကိုညွန့်လွင်)
  - (၃) တောခလေ့ (ညီညီလေး)
- ၁၈:၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
- ၁၉:၁၅ မြန်မာမှု မြန်မာ့ခလေ့အစီအစဉ် (ရွာစားကြီး စိန်ဗိုလ်တင့် စီစဉ်တင်ဆက်သည့် တော်သလင်းလလေ့တော်ဘွဲ့-ပထမပိုင်း)
- ၂၀:၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working Knowledge
- ၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) အလွမ်းမရှိတဲ့ အသည်း
  - (၂) မောင်ဆင်ခြင်
  - (၃) စိမ်းတဲ့စံပယ်



**မျိုးပင်များထည့်**

**ပြည်မြို့ ခေတ္တရာ ရတနာမြို့တော်ခန်းမ ပျိုးခြံအတွင်းရှိ မြေချစိုက်ပျိုးပြီး ပျိုးထုပ်များနေရာတွင် ပျိုးထုပ်အသစ်များ ထားရှိခြင်း၊ ပျိုးပင်များထည့်ခြင်း လုပ်ငန်းကို ဇူလိုင် ၂၈ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်ဇင်မာလှိုင် ကြပ်မတ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



**ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး မြောင်းပုလဲချောင်းမှ နုန်းများကို စက်ယန္တရားများဖြင့် ဆယ်ယူရှင်းလင်းရာ ဩဂုတ်၂ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြပ်မတ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေး မုက္ခမူချောင်းအတွင်း စုပေါင်းငါးမျိုးစိုက်ထည့်

**ညောင်လေးပင် ဩဂုတ် ၈**

ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်အတွင်း ၂၀၀၆-၂၀၀၇ ခုနှစ် ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသအတွင်း ငါးထုတ်လုပ်မှု မြင့်မားစေရေးအတွက် ငါးမျိုးများ စုပေါင်းစိုက်ထည့်ပွဲကို ဇူလိုင် ၂၉ရက်က မြို့နယ်အတွင်း မုက္ခမူချောင်းဘေးတွင် ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစောအောင်ရဲထွဋ်လွင်၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မြင့်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိမ်းဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများနှင့် အသင်းဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသက်ဦးနှင့် ဝန်ထမ်းများ၊ ပဲခူးတိုင်း ငါးသားပေါက်စခန်းမှ တာဝန်ခံ ဦးစိုးခိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာမှ တာဝန်ရှိသူများနှင့် အင်းသားကြီးများ စုပေါင်းတက်ရောက်ကြပြီး ပဲခူးငါးသားပေါက်စခန်း (ကလီ)မှ ငါးမြစ်ချင်း သားပေါက် ကောင်ရေ ၂၁၈၀၀၀၀ ကို သဘာဝရေပြင် မုက္ခမူချောင်းအတွင်းသို့ စုပေါင်းငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။ **(၁၃၄)**

**ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ခြေ တော် ရာ - ကျောက် န ဂါး ကျေးရွာချင်းဆက် ကျေးလက်လမ်း အတွက် ဂဝံကျောက် စုဆောင်းမှုကို ဩဂုတ် ၂ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ မြို့နယ် အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် ပြန်/ဆက်)



**တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့မဈေးမြောက်ဘက် လမ်းဘေး ဝဲယာတစ်လျှောက်တွင် အမှိုက်သရိုက်များနှင့် ရွှံ့မြေများသိမ်းဆည်းရှင်းလင်း ဖယ်ထုတ်ခြင်းနှင့် ရေဝပ်သည့်နေရာများတွင် သဲမြေများ သယ်ဖို့ပြုပြင်ခြင်း လုပ်ငန်းတို့ကို ဩဂုတ် ၁၀ ရက်က**



**အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## ကျေးလက်ဒေသ သောက်သုံးရေရရှိရေး စက်ရေတွင်းများတူးဖော်

ကျောက်ပန်းတောင်း ဩဂုတ် ၁၅

ကျောက်ပန်းတောင်းမြို့နယ် အမြောင်ကန် ကျေးရွာ အလှူရှင် ဆရာတော် ဦးဇနိတ ဦးဆောင်၍ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးစီမံချက်ဖြင့် စက်ရေတွင်းများ တူးဖော် ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ်၃ရက်က အမြောင်ကန်ကျေးရွာ စက်ရေတွင်းမှာ အနက်ပေ ၉၅၀ ရောက်ရှိပြီး တွင်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်း ကြီးကြပ် ဆောင်ရွက်ပေးသည်။

**ရေလုံလောက်စွာသုံးစွဲနိုင်**

အဆိုပါ စက်ရေတွင်းမှာ လေးလက်မတွင်းအမျိုးအစားဖြစ်ပြီးစက်ရေတွင်း တူးဖော်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၂၀နှင့် လူဦးရေ၁၇၆၈ဦးတို့ ရေလုံလောက်စွာ သုံးစွဲနိုင်မည်ဖြစ်သည်။ (ဝ၆၁)

**စစ်ကိုင်းတိုင်း ကလေးဝမြို့ အဝင်ဆိုင်းဘုတ် ဝန်းကျင်သာယာ လှပ သန့်ရှင်းရေးအတွက် ဩဂုတ် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာမြို့နယ်အမှုဆောင် အရာရှိ ဦးမြင့်အောင် ကြီးကြပ် ဆောင်ရွက်စဉ်။** (၄၁၇)

## မိသားစုဝင်ငွေရရှိရေး မုန့်မျိုးစုံပြုလုပ်ရောင်းချနိုင်ရန် သင်တန်းသူများအား မတည်ရင်းနှီးငွေ ထုတ်ပေးမည်

မြစ်ကြီးနား ဩဂုတ် ၂၀

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော မုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဆင်းပွဲကို ဩဂုတ် ၁၁ရက် မွန်းလွဲ၁နာရီက မြစ်ကြီးနားမြို့ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ပြည်နယ်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်တင်တင်အုံး၊ အဖွဲ့အတွင်းရေးမှူး ဒေါ်အင်ဘရန့်ဒွဲဘူ၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်သန်းနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုံး**(အောက်ပုံ)**က အမှာစကားပြောကြားပြီး သင်တန်းသူများအား မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း ပို့ချနေမှုများနှင့် လက်တွေ့ပြုလုပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**မတည်ရင်းနှီးငွေများထုတ်ပေးမည်**

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က သင်တန်းသူများအား မိသားစုဝင်ငွေရရှိရေးအတွက် မုန့်မျိုးစုံပြုလုပ်ရောင်းချနိုင်ရန် မတည်ရင်းနှီးငွေများ ထုတ်ပေးသွားမည်ဖြစ်သည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**





**မန္တလေးဒေသဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းအရာရှိရိပ်သာနေ ဦးတင်ထွန်း–ဒေါ်ပြုံးပြုံးကြည် မိသားစုနှင့် ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းငွေကျပ်၁၁၀၀၀၀ကို ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

## မြို့နယ်အဆင့်အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ချမ်းအေးသာစံမြို့နယ်တွင် ကျင်းပ

မန္တလေး ဩဂုတ် ၂၀

**မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် မြို့နယ်အဆင့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီက မန္တလေးယဉ်ကျေးမှု ကဇာတ်ရုံ(လေ့ကျင့်ခန်း) ခန်းမ၌ ကျင်းပသည်။**

ဖွင့်လှစ်

**အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးကျော်မြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**

ယှဉ်ပြိုင်

**ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုကျင်းပရာ ဝါသနာရှင်အဆင့် ၁၂ဦးနှင့် အခြေခံပညာအဆင့် ၅၈ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။** (မြို့နယ် ပြန်/ဆက်)

**ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ၂၀၀၆–၂၀၀၇ခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အုန်းသုံးပင်–ဘုရား ငါးဆူလမ်းပေ ၅၀၅၀ မြေနီခင်း ဆောင်ရွက်မှုကို ဩဂုတ် ၁၅ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ ဦးဝင်းနိုင်ထွန်း ကြီးကြပ်ပေးစဉ်။** (ဝ၆၄)



## စာကြည့်တိုက်များ ဖွံ့ဖြိုးရေး ဆွေးနွေး

ညောင်ရွှေ ဩဂုတ် ၁၅

**ညောင်ရွှေမြို့နယ် တောင်ခြေကျေးရွာအုပ်စုရှိ ဖွင့်လှစ်ပြီးကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၁၁နာရီက တောင်ခြေကျေးရွာအုပ်စု အုန္နပင်ရွာ အာသောက စာကြည့်တိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြတ်သူနှင့် ရုပ်သံကျွမ်းကျင်(၃) ဦးနေမျိုးသူရိန်တို့က ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်ဈေးတွင် ဈေးသန့်ရှင်းသာယာလှပရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဩဂုတ် ၁၆ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်၊ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးနှင့် ဈေးကော်မတီဥက္ကဋ္ဌ ဦးလှထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (ဝ၉၈)



## နောင်ချိုမြို့နယ် ကျေးလက်စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်စာအုပ်၊စာစောင်များပေးအပ်လှူဒါန်း

နောင်ချို ဩဂုတ် ၁၀

နောင်ချိုမြို့နယ် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် အသုံးပြုရန်အတွက် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်၊ စာစောင်များ ပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ်၂ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အားမာန်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ကအမှာစကားပြောကြားပြီးရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးအား ခြေမြစ်ပင်ကျေးရွာ၊ ရွှေနယ်စပ်စာကြည့်တိုက်အတွက်လှူဒါန်းရာကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းအောင်က လက်ခံ ရယူသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်အဖွဲ့ဝင်(၂) ဦးအောင်ဝင်းက အုမ္မခါးကျေးရွာ၊ ဒို့တောရွာ စာကြည့်တိုက်အတွက် ၂၁လက်မရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းက ရေဝင်ကျေးရွာ ပွင့်လင်းစာကြည့်တိုက်နှင့် ရေမောင်းတန်းကျေးရွာ စွယ်တော်ရိပ် စာကြည့်တိုက်တို့အတွက် ၁၄လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးစီလှူဒါန်းသည်။



**လှူဒါန်း**

ထို့နောက် သုံးဆယ်၊ ဆမ္မဆယ်၊ ကံကြီး၊ ရွှေမုဋ္ဌောဟိုခို၊တောင်ရှည်နှင့် လုံရုံးကျေးရွာ စာကြည့်တိုက်များအတွက် ရေဒီယို တစ်လုံးစီနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစာကြည့်တိုက်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်မျိုးစုံအား စာကြည့်တိုက်မှူး ဒေါ်အိအိစိုးက လှူဒါန်းကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆောင်ရွက်ရသည့် လုပ်ငန်းပမာဏ ကြီးမားသည်နှင့်အမျှ စက်ယန္တရားများနှင့် အင်တိုက်အားတိုက်ဆောင်ရွက် ရာသီမရွေးသွားလာနိုင်အောင် စံချိန်စံညွှန်းနှင့်အညီလုပ်ဆောင်

ရန်ကုန် ဩဂုတ် ၂၅

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၃ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့မှ မြစ်ကြီးနား–ဆွမ်ပရာဘွမ်သို့ ပူတာအိုကားလမ်းအတိုင်း မော်တော်ယာဉ်များနှင့် ဆွမ်ပရာဘွမ်သို့ ထွက်ခွာလာပြီး လမ်းတစ်လျှောက် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ၃၁မိုင် ဝါးရှီစခန်းသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၄



ဩဂုတ် ၂၃ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံတပ်နယ် နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းအတွင်း ပဲတီစိမ်းနှင့် ချင်းပင်များ သီးညှပ်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ မြန်မာနှင့် အင်ဒိုနီးရှား ဂိုးမရှိသရေကျ

ရန်ကုန် ဩဂုတ် ၂၅

**(၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ ရှာအလမ်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။**

နှစ်မှတ်ရရှိ

မြန်မာအသင်းသည် ပထမပွဲစဉ်၌ ထိုင်းအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့၍ ယခုပွဲအပြီးတွင် နှစ်ပွဲသရေ နှစ်မှတ် ရရှိထားသည်။ မြန်မာအသင်းသည် ဩဂုတ်၂၇ရက်တွင် အိမ်ရှင်မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (မြန်မာ့အလင်း)

# ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)SSA-Sအမည်ခံ ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အပြစ်မဲ့ပြည်သူလူထု သွေးထွက်သံယို သေကျေပျက်စီးစေခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်စေရန် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်၊ မိုင်းထောင်ပုံးခွဲ၊ ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီး ရွာသားများအား အဓမ္မခေါ်ဆောင်ခြင်းတို့ဖြင့် နိုင်ငံတော်နှင့်ပြည်သူကို အကြမ်းဖက်နှောင့်ယှက် ဖော်ပြပါအကြမ်းဖက်မှုများကို မြန်မာနိုင်ငံတော်အတွင်း၌လည်းကောင်း၊ ပြင်ပမှနေ၍လည်းကောင်း တစ်ဦးချင်းနှင့် အုပ်စုဖွဲ့၍ အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း အထောက်အထားများခိုင်လုံစွာတွေ့ရ

# ရှက်ဆစ်နှင့်၎င်းဦးစီးသော ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)SSA-S အကြမ်းဖက် သောင်းကျန်းသူနှင့် ယင်းအဖွဲ့ဝင်များသည် အကြမ်းဖက်သူများဖြစ်ကြောင်းကြေညာ

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**ကြေညာချက်အမှတ်(၂/၂၀၀၆)**

**နေပြည်တော်၊ ၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်**

**(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)**

## အကြမ်းဖက်သူများအဖြစ်ကြေညာခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်သူတစ်ရပ်လုံးက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိစဉ် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S အမည်ခံ ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် အပြစ်မဲ့ပြည်သူလူထုအား သွေးထွက်သံယို သေကျေပျက်စီးစေခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်စေရန် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ပုံးခွဲခြင်း၊ ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ရွာသူရွာသားများအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ကို အကြမ်းဖက်နှောင့်ယှက် တိုက်ခိုက်လျက်ရှိသည်။

၂။ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ရက်စက်ယုတ်မာသော အကြောင်းမဲ့သတ်ဖြတ်မှုဖြစ်စဉ်များအနက် အချို့မှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ၁၃–၆–၁၉၉၇ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ပလောင်ရွာပျက်အနီး၌ SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က တောင်ကြီး–ကျိုင်းတုံ အသွားအပြန် ခရီးစဉ်တွင် မောင်းနှင်နေသည့် မော်တော်ယာဉ်အစီး၅၀ခန့်အား ရပ်တန့်စေပြီး ယာဉ်ပေါ်ပါရှိသည့် ဗမာလူမျိုးခရီးသည် ၂၆ဦးတို့အား လူမဆန်စွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ အဆိုပါဖြစ်စဉ်များကို ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် ယန်းခမ်းအောက်ရွာမှ ဒေါ်ထွေးတင်(ခ) ဒေါ်ဘူးတေ့နှင့် ဒေါ်အေးအေးအောင်တို့မှ ကိုယ်တိုင်တွေ့မြင်ခဲ့ရသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ သတင်းပို့ခဲ့သည်။

(ခ) ၁၉၉၉ ခုနှစ်တွင် SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ သံချောင်း(ခ)စဝ်ခွန်ကျော် ဦးစီးအင်အား ၃၀ခန့်သည် ကျောက်မဲ–နောင်ချိုကားလမ်း ရင်ခွဲတောင်အနီး၌ ဆက်ကြေးကောက်စဉ် ကားပေါ်တွင်ပါလာသည့် ရဲတပ်ဖွဲ့ဝင်သုံးဦးအား တွေ့ရှိဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ရပ်စောက်မြို့နယ် ကုန်းညောင်ရွာအနီးတွင် တုတ်ဖြင့်ရိုက်သတ်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁

26-8 (20).p65 1 1/1/32, 1:30 PM